ပိဋကတ္တယမာမကအသင်း

နာယကဆရာတော်များက ကြီးမှူးကျင်းပသော

ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

# အုပ်စု (၁) ဝိနယပိဋက

# ပါရာဇိကကဏ်ပါဠိတော် မြန်မာပြန် မေးခွန်း

၁၃၈၅-ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၆-ရက်၊ (၈-၇-၂၀၂၃) စနေနေ့

ခွင့်ပြုချိန်။ ။၄-နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

---

၁။ မြတ်ဗုဒ္ဓ၏ လောက၌ အကြီးမြတ်ဆုံးဖြစ်ပုံကို ဥပမာနှင့်တကွ ဖြေဆို၍၊ အဘယ်ကို မေထုန်အကျင့်ဟု ခေါ်ပါသနည်း? ပဒဘာဇနီလာအတိုင်း ဖြေဆိုပါ။

၂။ အရှင်ဓနိယ ဆောက်လုပ်အပ်သော မြေကုဋီ၏ ပုံသဏ္ဌာန်ကို ပေါ်လွင်အောင် ဖြေဆို၍၊ ကောင်းကင်၌ တည်သော ဘဏ္ဍာတို့ကို ရေးသားပြုစုပြီး၊ (အရုဉ)တောဟူသည် အဘယ်နည်း? ဖြေဆိုပါ။

၃။ သတ္တဟာရကံ ဝါသ ပရိယေသေယျ-၌ သတ္တ(လက်နက်)သရုပ်ကို ထုတ်ပြ၍၊ သေခြင်း၏ ဂုဏ်ကို ချီးမွမ်းပြောဆိုပုံကို ဖြေဆိုပြီး၊ အမှတ်အသားပြု၍ လူသတ်ရာ၌ အာပတ်သင့်ပုံတို့ကို ကျနစွာ ဖြေဆိုပါ။

၄။ ကောက်ကျစ်စဉ်းလဲသူတရားသူကြီးနှင့် နတ်ကတော်တို့ ခံစားရသည့်အပြစ်ကို စတုတ္ထပါရာဇိကၠ၌ လာသည့်အတိုင်း ဖြေဆို၍၊ ဆံထုံး၏ အဓိပ္ပါယ်ကိုလည်း ပဒဘာဇနီလာအတိုင်း ဖြေဆိုပါ။

၅။ ကာယသံသဂ္ဂ ဒုဋ္ဌုလ္လဝါစာသိက္ခာပုဒ်တို့အလို မာတုဂါမ-အရကို ဖော်ပြ၍၊ သဉ္စရိတ္တသိက္ခာပုဒ်လာ မယား (၁၀) မျိုးတို့တွင် နောက်(၅)မျိုးကိုလည်း ဖြေဆိုပါ။

၆။ အတောင်းအရမ်းထူသော ရဟန်းတို့ကို မြင်၍ လူတို့ ထိတ်လန့်ပုံကို ပေါ်လွင်အောင် ရေး၍၊ ကလျာဏ-ဘတ္တိကသူကြွယ်၏ သံဃာအား ပြုစုလုပ်ကျွေးပုံကို ဖြေဆိုပြီး၊ အရှင်ဒေဝဒတ် တောင်းသော ဝတ္ထု(၅)မျိုးကိုလည်း ဖြေဆိုပါ။

၇။ ကီဋာဂိရိဇနပုဒ်နေ လူတို့၏ အခြေအနေနှင့် ထိုဇနပုဒ်၌ သာသနာရှည်ကြောင်း နည်းလမ်းကောင်းကို အညတရဥပါသကာ လျှောက်ထားသည့်အတိုင်း ရေးသား၍၊ (ပါပသမာစာရ)ယုတ်မာသော အကျင့်ကို ကျင့်ပုံတို့ကိုလည်း ပဒဘာဇနီလာအတိုင်း ဖြေဆိုပါ။

၈။ "မာတုဂါမနှင့် ဆိတ်ကွယ်ရာနေရာ၌ ထိုင်နေခြင်းအံ့" ဟူသော အဓိပ္ပါယ်ကို ပေါ်လွင်အောင် ရှင်းပြ၍၊ အခါမဲ့ သင်္ကန်း, သင်္ကန်းအဟောင်းတို့၏ သဘောအဓိပ္ပါယ်ကိုလည်း ဖြေဆိုပါ။

၉။ ရူပိယသိက္ခာပုဒ်လာ ငွေ(၅)မျိုးကို အစဉ်အတိုင်း ဖော်ပြ၍၊ ပရိဏာတသိက္ခာပုဒ်ဖြင့် အာပတ်မသင့်နိုင်သော အနာပတ္တိဝါရကိုလည်း ဖြေဆိုပါ။

၁၀။ အောက်ပါရဟန်းတို့အား မည်သည့်အာပတ်သင့်ရောက်သနည်း? ဖြေဆိုပါ။

(က) လူကုန်ကူးသော ရဟန်း။

( ခ ) မာတုဂါမ၏ လက်မောင်းကို ချီးမွမ်းသောရဟန်း။

( ဂ ) ပဏ္ဍုက်ကို အောင်သွယ်ပေးသောရဟန်း။

(ဃ) ဆွေမျိုးတို့၌ ယုံမှား၍ သင်္ကန်းတောင်းသောရဟန်း။

( င ) ရွှေငွေကို ယုံမှား၍ ခံယူမိသောရဟန်း။

**တစ်ပုစ္ဆာလျှင် (၁၀) မှတ်စီ**

ပိဋကတ္တယမာမကအသင်း
နာယကဆရာတော်များက ကြီးမှူးကျင်းပသော
ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

# အုပ်စု (၁) ဝိနယပိဋက

# ပါစိတ်ပါဠိတော် မြန်မာပြန် မေးခွန်း

၁၃၈၅-ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၇-ရက်၊ (၉-၇-၂၀၂၃) တနင်္ဂနွေနေ့
ခွင့်ပြုချိန်။ ။၄-နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

---

၁။ သာကီဝင်မင်းသား အရှင်ဟတ္ထကကို ဒုတိယအကြိမ်ကဲ့ရဲ့ကြသောပုဂ္ဂိုလ်များ၏ ဂုဏ်ရည် ၅-မျိုးကို ဖော်ပြ၍ မြတ်သောအနာရောဂါဖြင့် မြတ်သောအနာရောဂါရှိသူကို ဆဲရေးပြောဆိုသောရဟန်းအား ပါစိတ်အာပတ် သင့်ပုံကိုရေးပြီး မြတ်ဗုဒ္ဓ၏ အဆုံးအမသာသနာတော်၌ ကြီးပွားကြောင်း ၂-မျိုးကိုလည်း ဖြေဆိုပါ။

၂။ မျိုးစေ့ကိုဖျက်ဆီးခိုင်းသော်လည်း အာပတ်မသင့်အောင် ခိုင်းနည်းတို့ကို ဖော်ပြ၍ သံဃိကညောင်စောင်းကို ခင်း၍ ရုပ်သိမ်းမှုစသည်မပြုဘဲ ခရီးသွားခဲ့သော် ဒုက္ကဋ်အာပတ်သင့်စေနိုင်သော ခင်းရာဌာနတို့ကို ဖော်ပြပြီး သြဝါဒသိက္ခာပုဒ်လာ သုဒ္ဓပါစိတ်အာပတ် (၁၈) ချက်တွင် နောက်ဆုံး (၂) ချက်ကိုသာ ထုတ်ပြပါ။

၃။ ပရမ္ပရဘောဇနသိက္ခာပုဒ်၌ မပါဝင်သော နောက်ဆက်တွဲပညတ်(အနုပညတ်) တစ်ခုကို ဝတ္ထုကြောင်းနှင့် တကွရေး၍ ပဝါရိတ်သင့်၍ နေရာမှ ထပြီးသော ရဟန်းသည် ဘောဇဉ်တစ်ခုခုကို ထပ်ဘုဉ်းပေးလိုသော် မည်ကဲ့သို့ ပြုလုပ်ရပါမည်နည်း? ပြုလုပ်ပုံအစီအစဉ်ကို ဖော်ပြပါ။

၄။ ဘုရားလက်ထက်တော်အခါက အလုံးစုံပွဲသက္ကုစုတင်ဆောင် ရဟန်းတပါး၏ နေရပ်နှင့် လုပ်ရပ်(သဘောထား)၊ ထိုလုပ်ရပ်ကြောင့် လူအများက ကဲ့ရဲ့ပုံတို့ကို ဖော်ပြ၍ ဆဗ္ဗဂ္ဂီရဟန်းတို့က မဟာနာမ် သာကီဝင်မင်း၌ ရန်ငြိုးဖွဲ့ရခြင်း၏ အကြောင်းကိုလည်း ရေးပါ။

၅။ မြတ်စွာဘုရား ခွင့်ပြုတော်မူသော စစ်တပ်ထဲသို့ သွားသင့်သော အကြောင်းတစ်မျိုးကို ဖော်ပြ၍ စေတိယတိုင်း ဘဒ္ဒဝတိကာရွာသို့ ကြွရောက်လာသော မြတ်ဗုဒ္ဓကို အဝေးကပင် တွေ့မြင်ကြသော ပုဂ္ဂိုလ်စာရင်းနှင့် လျှောက်ထားသောစကားတို့ကို ဖြေဆိုပြီး ရဟန်းတပါးကို ဘောလ်ပင်ဖြင့် ခါးကိုတို့၍ စနောက်သော ရဟန်း အား သင့်ရောက်သောအာပတ်ကိုလည်း ရေးပါ။

၆။ လူဝတ်ကြောင်တစ်ယောက် ကြောက်လန့်သွားအောင် ခြောက်လှန့်နည်းမျိုးစုံနှင့် ခြောက်လှန့်သူရဟန်းအား သင့်သော အာပတ်တို့ကို သိက္ခာပုဒ်ထောက်ကာ ရေး၍ ရဟန်းတပါး၏ သံဃာဒိသိသ်အာပတ်ကို သိလျက် မပြောဘဲ ဖုံးလွှမ်းထားနိုင်ခြင်းအကြောင်းတို့တွင် ရှေ့ဆုံး ၂-ချက်ကိုသာ ဖော်ပြပါ။

၇။ အသက်(၂၀) ပြည့်ပြီးသော ပုဂ္ဂိုလ်ကိုသာ ရဟန်းပြုပေးရန် ခွင့်ပြုတော်မူရခြင်း၏ အကြောင်းများကို ရေး၍ မိုက်မဲတွေဝေခြင်းသို့ တင်ကြောင်းကံသည် အပလောကနကံစသော ကံ ၄-ပါးတွင် မည်သည့်ကံမျိုးဖြစ်သည်ကို ဖြေပြီး တိုင်ပင်သံ ကြားလောက်ရာအရပ်၌ ရပ်နားထောင်နိုင်သည့် အကြောင်းတစ်မျိုးကိုလည်း ရေးပါ။

၈။ မြတ်စွာဘုရားကို အနီးကပ်ဆည်းကပ်နေစဉ် ရောက်လာသော ကောသလမင်းကြီးကို အရိုအသေ မပေးဘဲ နေ သော ဒါယကာ၏ ဂုဏ်ရည်, အရိုအသေ မပေးရခြင်း၏ အကြောင်းတို့ကို ရေး၍ မရိုမသေ ဆွမ်းခံပုံ, ဆွမ်းစား ပုံတို့ကို ရေးပြီး ဂိလာနသော်မှ လွတ်လပ်ခွင့်မရသော ပထမဆုံးသေခိယသိက္ခာပုဒ်စည်းကမ်းကို ထုတ်ပြပါ။

၉။ ရဟန်းမအချင်းချင်း အတူတကွပေါင်းသင်းခြင်းဟူသည် အဘယ်နည်း? ဖြေဆို၍ ဘိက္ခုနီသံဃာဒိသိသ်သိက္ခာပုဒ် လာ လူအများ၏ ကဲ့ရဲ့ခံရသော ပုဂ္ဂိုလ်နှင့် ကဲ့ရဲ့ပုံတို့ကို ရေးပြီး ဘိက္ခုနီနိဿဂ္ဂီအခန်း,ပတ္တဝဂ် ဒွါဒသမသိက္ခာပုဒ် လာ ပုဂ္ဂိုလ်အား နိဿဂ္ဂိ(စွန့်ခြင်းဝိနည်းကံရှိသော)ပစ္စည်း စွန့်ပုံအစီအစဉ်ကို ပြည့်စုံအောင် ရေးပြပါ။

၁၀။ ရဟန်းယောက်ျား, ရဟန်းမများ စားကောင်းသော ကြက်သွန်များကို ဖြေဆို၍ ထုလ္လနန္ဒာ ဘိက္ခုနီမထက် သာလွန် သော ဘဒ္ဒါကာပိလာနီဘိက္ခုနီမ၏ ဂုဏ်ရည်ကို ဖော်ပြပြီး ကုမာရီဘူတဝဂ် ၁၂-ခုမြောက်သိက္ခာပုဒ်, ဘိက္ခုနီ သတ္တမပါဠိဒေသနီသိက္ခာပုဒ်စည်းကမ်း ဥပဒေတို့ကိုလည်း ရေးပါ။

**တစ်ပုဒ်စွာလျှင် (၁၀) မှတ်စီ**

ပိဋကတ္တယမာမကအသင်း
နာယကဆရာတော်များက ကြီးမှူးကျင်းပသော
ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

**အုပ်စု (၁) ဝိနယပိဋက**

**မဟာဝါပါဠိတော် မြန်မာပြန် မေးခွန်း**

၁၃၈၅-ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၈-ရက်၊ (၁၀-၇-၂၀၂၃) တနင်္လာနေ့
ခွင့်ပြုချိန်။ ။၄-နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

---

၁။ မုစလိန္ဒနဂါးမင်းသည် အဘယ်သို့ နှလုံးသွင်း၍ မြတ်စွာဘုရား၏ ကိုယ်တော်ကို အခွေတို့ဖြင့် ခုနစ်ပတ်ရစ်ပတ်၍ ဦးထိပ်ထက်၌ ကြီးစွာသော ပါးပျဉ်းကို မိုးလျက် တည်နေပါသနည်း? ဖြေဆို၍၊ ပထမဆုံးဒွေဝါစိကဥပါသကာတို့၏ နာမည်နှင့် မြတ်စွာဘုရားအား ၎င်းတို့ လှူဒါန်းသော မုန့် ၂-မျိုးကို ဖြေဆိုပါ။

၂။ အနတ္တလက္ခဏသုတ်တော်ကို နာကြားပြီးသည်၏ အဆုံး၌ ရဟန္တာဖြစ်ကြသော ပုဂ္ဂိုလ်ငါးဦး၏ နာမည်တို့ကို ထုတ်ပြ၍၊ ဗုဒ္ဓအလိုကျ အေးသောအခါ, ပူသောအခါတို့၌ တံခါးဖွင့်နည်း, ပိတ်နည်းတို့ကို ဖြေဆိုကာ၊ မိဘတို့ခွင့်မပြုအပ်သော သားကို ရှင်ရဟန်းပြုပေးပါက မည်သည့်အပြစ် သင့်ရောက်ပါသနည်း? ဖြေဆိုပါ။

၃။ ထင်စွာပြုခြင်းကြောင့် ထိုရဟန်းအား ချမ်းသာ၏ဟူရာ၌ ထိုရဟန်းအား အဘယ်သို့သော ချမ်းသာ ဖြစ်သနည်း? ဖြေဆို၍၊ ဥပုသ်မပြုမီ ရှေးဦးစွာ ပြုရမည့် (ပုဗ္ဗကရဏ) တရားလေးပါးကို ထုတ်ပြပါ။

၄။ ဝါကပ်ခြင်း ၂-မျိုးကို ဖော်ပြပြီး၊ သာဝတ္ထိပြည်၌ သံဃာသည် အဘယ်သို့သော ကတိကဝတ်ကို ပြုထားပါသနည်း? ဖြေဆို၍၊ ယင်းကတိကဝတ်နှင့်စပ်လျဉ်း၍ မိဂါရမာတာမည်သော ဝိသာခါ၏ ကဲ့ရဲ့ရှုတ်ချပုံကို ဖြေဆိုကာ၊ ဝဿူပနာယိကက္ခန္ဓကလာ ဝတ္ထုပေါင်း မည်မျှရှိသည်ကိုလည်း သင်္ချာမျှ ထုတ်ပြပါ။

၅။ ပဝါရဏာ ၂-ပါးနှင့် ပဝါရဏာကံ ၄-ပါးတို့ကို ဖြေဆို၍၊ မြတ်စွာဘုရား ခွင့်ပြုတော်မူအပ်သော ပဝါရဏာကံကိုလည်း ဖော်ပြကာ၊ ပဝါရဏာပေးသင့်သော ပုဂ္ဂိုလ်ကိုလည်း ဖြေဆိုပါ။

၆။ မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းကြီး၏ ရှစ်သောင်းသော ရွာသားတို့အား တိုက်တွန်းချက်ကို ဖော်ပြကာ၊ ဖိနပ်၌ မအပ်သော သားရေတို့ကို ထုတ်ပြပါ။

၇။ ဝမ်းဗိုက်လေနာရောဂါပျောက်ဆေးကို ဖော်ပြ၍၊ သုပ္ပိယာဥပါသိကာမ၏ ဂုဏ်ရည်တို့ကို ထုတ်ပြပြီး၊ သံသရာလည်ရခြင်းအကြောင်းတရားများကိုလည်း ဖြေဆိုပါ။

၈။ ချမ်းသာစွာနေခြင်း ၅-ပါး (ဖာသုဝိဟာရပဉ္စက)လာ နိဋ္ဌာနန္တိကကထိန်နှုတ်ခြင်းဖြစ်ပုံကို ဖြေဆို၍၊ အဘယ်သို့လျှင် သင်္ကန်းဟူသော အပလိဗောဓဖြစ်သနည်း? ဖြေဆိုပါ။

၉။ ပညာရှိ အရှင်အာနန္ဒာမထေရ် ကိုယ်တိုင်စီမံပြုလုပ်အပ်သော သင်္ကန်း၌ပါဝင်သော အခန်း ၉-ခန်းကို ထုတ်ပြ၍၊ သင်္ကန်းများကို ခေါးခွဲ/ခေါးဖြတ်ပြုလုပ်ရခြင်းအကြောင်းတို့ကို ဖြေဆိုပါ။

၁၀။ မြတ်စွာဘုရား၏ သာသနာတော်၌ ကြီးပွားကြောင်းတရား ၂-ပါးကို ဖော်ပြ၍၊ ဒီဃာဝုမင်းသားအား ဖခင်ဒီဃီတိကောသလမင်းကြီး မသေခင် နောက်ဆုံးမှာကြားခဲ့သော စကားနှင့် အကျွမ်းဝင်ကြောင်း တရား ၅-ပါးကို ဖြေဆိုပါ။

**တစ်ပုဒ်လျှင် (၁၀)မှတ်စီ**

ပိဋကတ္တယမာမကအသင်း
နာယကဆရာတော်များက ကြီးမှူးကျင်းပသော
ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

**အုပ်စု (၁) ဝိနယပိဋက**

**စူဠဝါပါဠိတော် မြန်မာပြန် မေးခွန်း**

၁၃၈၅-ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၉-ရက်၊ (၁၁-၇-၂၀၂၃) အင်္ဂါနေ့

ခွင့်ပြုချိန်။ ။၄-နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

---

၁။ ပဋိသာရဏီယကံကို ပြုလိုက ပြုနိုင်သောကံတို့တွင် ၄-ခုမြောက်တရားအစုတို့ကို ဖြေဆိုကာ မာနတ်ကျင့်ဆဲ ရဟန်း၏ ပြောကြားရမည့် ကျင့်ဝတ်တို့ကိုလည်း ဖြေဆိုပါ။

၂။ သုဒ္ဓန္တပရိဝါသ်ပေးထိုက်သော ရဟန်းအား ငါးခုမြောက်ပေးနည်းကို ဖြေဆို၍ မာနတ်ကျင့်စဉ် နှင်ထုတ်ခံရသောရဟန်း၏ ယင်းအဖြစ်မှ လွတ်မြောက်နိုင်ရန် အဆုံးအဖြတ်နည်းလမ်းတစ်ခုကို ညွှန်ပြပါ။

၃။ မှားယွင်းသောအယူရှိလျက် ငြင်းခုံသောရဟန်း၏ ဆိုးကျိုးအဆက်ဆက်ဖြစ်တတ်ပုံကို ဖြေဆို၍ တဿပါပိယသိကာကံပြုနိုင်ရန် သိစေသောနည်းကိုလည်း ဖြေဆိုပါ။

၄။ 'ကားပေါင်'ကို ခွင့်ပြုတော်မူရခြင်းအကြောင်းကို ဖြေဆိုကာ ဘုရားရှင် ဝေသာလီမြို့သို့ ကြွတော်မူချိန် ဝေသာလီသို့ မရောက်မီ တားမြစ်တော်မူခဲ့သည့်အရာနှင့် ခွင့်ပြုတော်မူခဲ့သည့်အရာများကို ဖြေဆိုပါ။

၅။ ဘဂ္ဂတိုင်းသို့ ကြွတော်မူစဉ် ဘုရားရှင် တားမြစ်တော်မူခဲ့သည့်အရာ, ခွင့်ပြုတော်မူခဲ့သည့်အရာများကို ဖြေဆို၍ ဝိသာခါကပ်လှူသော ပစ္စည်းတို့တွင် ခွင့်ပြုသည့်အရာ, ခွင့်မပြုသည့်အရာတို့ကိုလည်း ခွဲခြားပြကာ ရဟန်းတို့အား အပ်စပ်သော ပန်းချီဆွဲခြင်း, မအပ်စပ်သောပန်းချီဆွဲခြင်းတို့ကို ဖြေဆိုပါ။

၆။ ဘုရားရှင်နှင့် ပထမဆုံးအကြိမ်တွေ့ဆုံရာ၌ အနာထပိဏ်သူဋ္ဌေး နောက်ဆုံးပြောခဲ့သော စကားရပ်ကို ဖြေဆိုကာ သေနာသနက္ခန္ဓက၌ မြတ်စွာဘုရား ရာဇဂြိုဟ်မြို့မှ ကြွသွားတော်မူရာအရပ်, ယင်းအရပ်၌ ဘုရားရှင် ခွင့်ပြုတော်မူချက်ကို ဖြေဆိုပါ။

၇။ ကောသလမင်း၏အဖွား ကွယ်လွန်ရာမှ ရရှိလာသောပစ္စည်းများကို ရဟန်းတို့အတွက် အပ်စပ်အောင် ပြုလုပ်နည်းကို ဖြေဆို၍ အဘယ်သို့ပြုလျှင် သံဃာ၏ ညီညွတ်ခြင်းကို ပြုရာရောက်သည်ကို အကျဉ်းချုပ်၍ ဖြေဆိုကာ သွေးဖြစ်အောင်ပြုရာအခန်း၌ ဘုရားရှင်က ရဟန်းတို့အား နောက်ဆုံး မိန့်မှာသည့် စကားကိုလည်း ဖြေဆိုပါ။

၈။ ဝတ္တက္ခန္ဓကလာ မပြုလိုက မပြုဘဲ နေနိုင်သည့် ကျင့်ဝတ်တို့ကို ဖြေဆိုပါ။

၉။ အဘယ်တရားတို့ကို မိမိစိတ်၌ ထား၍ သူတစ်ပါးကို စောဒနာသင့်သည်ကို ဖြေဆိုကာ ဘိက္ခုနီမတို့၏ နံရိုးကို ညွတ်အောင် ပြုလုပ်သည့်အရာများကိုလည်း ဖြေဆိုပါ။

၁၀။ ဝဇ္ဇီပုတ္တကရဟန်းတို့၏ ဝတ္ထုဆယ်ပါးတို့တွင် 'လုံးလုံးမအပ်'ဟု ဆုံးဖြတ်သောဝတ္ထုတို့ကို ဆုံးဖြတ်သော အရပ်, သိက္ခာပုဒ်နှင့် တွဲစပ်ဖြေဆိုပါ။

**တစ်ပုဒ်လျှင် (၁၀) မှတ်စီ**

ပိဋကတ္တယမာမကအသင်း

နာယကဆရာတော်များက ကြီးမှူးကျင်းပသော

ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

## အုပ်စု (၁) ဝိနယပိဋက

## ပရိဝါပါဠိတော် မြန်မာပြန် မေးခွန်း

၁၃၈၅-ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၀-ရက်၊ (၁၂-၇-၂၀၂၃) ဗုဒ္ဓဟူးနေ့

**ခွင့်ပြုချိန်။ ။၄-နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)**

---

၁။ ဇမ္ဗူဒိပ်ကျွန်း၌ အဘယ်မည်သော ရဟန္တာတို့သည် ဝိနည်းပိဋကတ်ကို ပို့ချတော်မူကြကုန်သနည်း? ဖြေဆို၍၊ ရဟန်းတို့၏ နိဿဂ္ဂိပါစိတ်သုံးဆယ်တွင် (၆)ခုမြောက်ပညတ်အပ်သော အာပတ်ကို အဘယ်အရပ်၌ အဘယ်သူကို အကြောင်းပြု၍ အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း? ဖြေဆိုပါ။

၂။ (က) သေအရက်ကို သောက်သော ရဟန်း (ခ)သေစေလိုသောစေတနာဖြင့် သတ္တဝါကို သတ်သောရဟန်း (ဂ) မာတုဂါမနှင့် အတူတကွ တိုင်ပင်၍ ခရီးသွားသော ရဟန်းတို့အား သင့်ရောက်သော အာပတ်တို့ကို သင့်ရောက်ပုံနှင့်တကွ ဖြေဆိုခဲ့ပါ။

၃။ မရှိသေခြင်း (၆) ပါးတို့ဟူသည် အဘယ်တို့နည်း? အစဉ်တကျဖြေဆို၍၊ ဝိပတ္တိ (၄) ပါးတို့ကိုလည်း အစဉ်တကျ ဖြေဆိုခဲ့ပါ။

၄။ သီလဝိပတ္တိဟူသော အကြောင်းကြောင့် အဘယ်မျှလောက်သော အာပတ်တို့သို့ ရောက်သနည်း? ဖြေဆို၍၊ စာရေးတံယူခြင်း (၃)ပါးတို့ကို ဖြေဆိုကာ၊ ဖုံးလွှမ်းထားမှုသာ တင့်တယ်သောအရာ (၃)မျိုးတို့ကိုလည်း ဖြေဆိုခဲ့ပါ။

၅။ ပဉ္စကဝါရလာ တံမြက်လှည်းခြင်း၏ အကျိုး (၅) ပါးတို့ကို ပဋ္ဌမနည်းအလို ဖြေဆို၍၊ ဝိနည်းမိုရ်ပုဂ္ဂိုလ်၌ ရအပ်သော အကျိုးအာနိသင် တရားတို့ကိုလည်း အစဉ်တကျ ဖြေဆိုခဲ့ပါ။

၆။ ပဝါရဏာကံ၏ အစ, အလယ်, အဆုံးတို့ကား အဘယ်ပါနည်း? ဖြေဆို၍၊ အာဋ္ဌဝီပြည်၌ ပညတ်အပ်ကုန်သော သိက္ခာပုဒ်တို့ကိုလည်း အစဉ်တကျ ရေတွက်ပြပါ။

၇။ အာပတ်သာမည်၍ အဓိကရဏ်းမမည်သော တရားကို ဖြေဆို၍၊ တိုင်ပင်ဆွေးနွေးခြင်းသည် အဘယ်အကြောင်းကြောင့် ဖြစ်သနည်း? ဖြေဆိုကာ၊ အဘယ်သို့သော သဘောရှိသော ပုဂ္ဂိုလ်ကို ပဏ္ဍိတ–စောဒကဟု ဆိုအပ်ပါသနည်း? ဖြေဆိုခဲ့ပါ။

၈။ စောဒကပုဂ္ဂိုလ်က မြင်ခြင်းဖြင့် စောဒနာ၏–ဟုပြောက အနုဝိဇ္ဇက(ဝိနည်းမိုရ်)ပုဂ္ဂိုလ်၏ မေးရမည့် တာဝန်တို့ကို ဖြေဆို၍၊ အနုပါဒါပရိနိဗ္ဗာန်အကျိုးရှိသည့် တရားများကိုလည်း ဖြေဆိုခဲ့ပါ။

၉။ သူတစ်ပါးကို စောဒနာလိုသော စောဒကရဟန်းသည် (က) မိမိသန္တာန်၌ ဖြစ်စေရမည့် တရား(၅)ပါး (ခ) မိမိသန္တာန်၌ နှလုံးသွင်းရမည့် တရား(၅)ပါးတို့ကို အစဉ်တကျ ဖြေဆိုခဲ့ပါ။

၁၀။ အဘယ်အခြင်းအရာတို့ဖြင့် သံဃာကွဲပြားပါသနည်း? ဖြေဆို၍၊ သီတင်းကြီးရဟန်း၏ ခြေတို့ကို ရှိခိုးသော သီတင်းငယ်ရဟန်းသည် အဘယ်မျှသော တရားတို့ကို မိမိသန္တာန်၌ ဖြစ်စေ၍ ခြေတို့ကို ရှိခိုးအပ်ကုန်သနည်း? ဖြေဆိုခဲ့ပါ။

**တစ်ပုစ္ဆာလျှင် (၁၀) မှတ်စီ**

## အုပ်စု (၁) ဝိနယပိဋက
## ပါရာဇိကဏ်ပါဠိတော် မြန်မာပြန် မေးခွန်းအဖြေ

၁၃၈၅-ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၆-ရက်၊ (၈-၇-၂၀၂၂) စနေနေ့

-------------------------------

၁။ မြတ်ဗုဒ္ဓ၏ လောက၌ အကြီးမြတ်ဆုံးဖြစ်ပုံကို ဥပမာနှင့်တကွ ဖြေဆို၍၊ အဘယ်ကို မေထုန်အကျင့်ဟု ခေါ်ပါသနည်း? ပဒဘာဇနီလာအတိုင်း ဖြေဆိုပါ။

**၁။ မြတ်ဗုဒ္ဓ၏ လောက၌ အကြီးမြတ်ဆုံးဖြစ်ပုံ ဥပမာနှင့်တကွ**

ပုဏ္ဏား ကြက်မသည် ရှစ်လုံး.ဆယ်လုံး.တစ်ဆယ့်နှစ်လုံးသော ဥတို့ ဥကုန်ရာ၏၊ ထိုဥတို့ကို ကြက်မသည်ကောင်းစွာဝပ်အပ်ကုန်၏၊ ထက်ဝန်းကျင်မှ ကောင်းစွာ အငွေ့ပေးအပ်ကုန်၏၊ ထက်ဝန်းကျင်မှ ကောင်းစွာ ထုံစေအပ်ကုန်၏၊ ထိုကြက်ငယ်အပေါင်းတို့တွင် ကြက်ငယ်တစ်ကောင် သည် ခြေဖျားနှုတ်သီးဖျားတို့ဖြင့် ဥခွံကို ရှေးဦးစွာ ဖောက်ခွဲ၍ ချမ်းသာစွာ ပေါက်ဖွားလာသော ကြက်ကို အကြီးဆုံးဟု ခေါ်ဆိုအပ်သကဲ့သို့ ပုဏ္ဏားဤအတူပင် အဝိဇ္ဇာ၌ရောက်သော အဝိဇ္ဇာဟူ သော ဥ၌ဖြစ်သော အဝိဇ္ဇာဟူသည် ဥခွံသည် ထက်ဝန်းကျင်မြေးယှက်အပ်သော သတ္တဝါတို့တွင် ငါသည် အဝိဇ္ဇာတည်းဟူသော ဥခွံကို ဖောက်ခွဲ၍ လောက၌ အတုမရှိမြတ်သော သမ္မာသမ္ဗောဓိ ဉာဏ်ကို ထိုးထွင်း၍ သိတော်မူပြီးလျှက် အမြတ်ဆုံးဖြစ်တော်မူ၏။ **(ဝိ-၁။ ပြန်- ၅) ( ၆ ) မှတ်**

**မေထုန်အကျင့် ဟူသည်**

မေထုန်အကျင့်မည်သည် အကြင်အကျင့်သည် မသူတော်တို့၏ အကျင့်ဖြစ်၏၊ ရပ်ရွာနေသူ လူတို့၏ အကျင့်ဖြစ်၏၊ သူယုတ်မာတို့၏ အကျင့်ဖြစ်၏၊ ရုန့်ရင်းကြမ်းတမ်း၏၊ ရေဆေးခြင်းကိစ္စလျှင် အဆုံးရှိ၏၊ မမြင်ကွယ်ရာ၌ ပြုအပ်၏၊ အစုံအစုံတွဲ၍ ပြုအပ်၏၊ ဤအကျင့်သည် မေထုန်အကျင့် မည်၏။ **(ဝိ-၁။ ပြန်- ၃၈)( ၄ ) မှတ်**

---

၂။ အရှင်ဓနိယ ဆောက်လုပ်အပ်သော မြေကုဋီ၏ ပုံသဏ္ဌာန်ကို ပေါ်လွင်အောင် ဖြေဆို၍၊ ကောင်းကင်၌ တည်သော ဘဏ္ဍာတို့ကို ရေးသားပြုစုပြီး၊ (အရည)တောဟူသည် အဘယ်နည်း? ဖြေဆိုပါ။

**၂။ မြေကုဋီပုံသဏ္ဌာန်**

ထိုကျောင်းငယ်သည် အလွန်လှ၏၊ ရှုဖွယ်ကောင်း၏၊ ကြည်နူးဖွယ်ကောင်း၏၊ နီသောအဆင်းရှိ၏၊ သိကြားကွမ်းသွေးကောင်နှင့်တူ၏၊ ထိုကျောင်းငယ်၏ အသံသည် ခြူဆည်းလည်းသံနှင့်တူ၏။

**(ဝိ-၁။ ပြန်- ၅၅) ( ၄ ) မှတ်**

**ကောင်းကင်၌တည်သော ဘဏ္ဍာများ**

ဥဒေါင်းငှက်၊ တိုက်ငှက်(ယစ်ဥချိုး)၊ ခါငှက်၊ ငုံးငှက်၊ အဝတ်ပုဆိုး၊ ခေါင်းပေါင်း၊ ရွှေ ငွေ တို့ဖြစ်ပါသည်။

**(ဝိ-၁။ ပြန်- ၆၄) ( ၄ ) မှတ်**

**(အရည)တော ဟူသည်**

တောမည်သည် ရွာ, ရွာ၏ဥပစာကို ချန်လှပ်၍ ကြွင်းကျန်သော အရပ်တည်း။ **( ၂ ) မှတ် (ဝိ-၁။ ပြန်- ၆၂)**

---

၃။ သတ္တဟာရကုံ ဝါဿ ပရိယေသေယျ-၌ သတ္တ(လက်နက်)သရုပ်ကို ထုတ်ပြ၍၊ သေခြင်း၏ ဂုဏ်ကို ချီးမွမ်း ပြောဆိုပုံကို ဖြေဆိုပြီး၊ အမှတ်အသားပြု၍ လူသတ်ရာ၌ အာပတ်သင့်ပုံတို့ကို ကျနစွာ ဖြေဆိုပါ။

၃။ **(သတ္တ)လက်နက် သရုပ်**

သန်လျက်၊ လှံ၊ ခက်ရင်း၊ ဆောက်ပုတ်၊ ကျောက်ခဲ ကြွင်းသောလက်နက်၊ အဆိပ်၊ ကြိုး။

**(ဝိ-၁။ ပြန်- ၉၇) ( ၃ ) မှတ်**

**သေခြင်း၏ဂုဏ်ကို ချီးမွမ်းပြောဆိုပုံ**

''သင်သည် ဤဘဝမှ ကွယ်လွန်ပြီး၍ ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသော နတ်ပြည်၌ ဖြစ်ရပေလိမ့်မည်၊ ထိုနတ်ပြည်၌ နတ်တို့၏ ကာမဂုဏ်(၅)ပါးတို့ဖြင့် ရောင်ရဲပြည့်စုံသည် ဖြစ်၍ ခံစား ပျော်ပါးရပေလိမ့်မည်''ဟု အသက်ရှင်ခြင်း၌ အပြစ်ကိုပြ၍ သေခြင်း၌ ဂုဏ်ကျေးဇူးကို ချီးကျူးပြောဆို၏။

**(ဝိ-၁။ ပြန်- ၉၈) ( ၃ ) မှတ်**

**အမှတ်အသားပြု၍ လူသတ်ရာ၌ အာပတ်သင့်ပုံ**

မျက်စိကို မှိတ်လိုက်အံ့၊ မျက်ခုံးကို ပင့်လိုက်အံ့၊ ဦးခေါင်းကို ညိမ့်ပြအံ့၊ ထိုအမှတ်အသားဖြင့် ''ထိုသူကို သတ်လော့''ဟု အမှတ်အသားပြုအံ့ ဒုက္ကဋ်အာပတ်သင့်၏၊

ထိုအမှတ်အသားဖြင့် ထိုသူကို သတ်အံ့ နှစ်ဦးလုံး ပါရာဇိကအာပတ်သင့်၏၊

ထိုအမှတ်အသား၏ ရှေ့၌ဖြစ်စေ၊ နောက်၌ဖြစ်စေ ထိုသူကို သတ်အံ့ မူလအမှတ်အသားပြု သောရဟန်းအား အာပတ်မသင့်၊ သတ်သောရဟန်းသာ ပါရာဇိကအာပတ်သင့်၏။ **(ဝိ-၁။ ပြန်- ၁၀၃)( ၄ ) မှတ်**

---

၄။ ကောက်ကျစ်စဉ်းလဲသူတရားသူကြီးနှင့် နတ်ကတော်တို့ ခံစားရသည့်အပြစ်ကို စတုတ္ထပါရာဇိက၌ လာသည့်အတိုင်း ဖြေဆို၍၊ ဆံထုံး၏ အဓိပ္ပါယ်ကိုလည်း ပဒဘာဇနီလာအတိုင်း ဖြေဆိုပါ။

၄။ **တရားသူကြီး၏အပြစ်**

ထိုယောကျ်ားသည် အိုးပမာဏရှိသော ဝှေးစေ့ကိုကိုင်၍ ကောင်းကင်၌ သွားနေသည်ကို မြင်ရ၏၊ ထိုယောကျ်ားသည် သွားလသော် ဝှေးစေ့ကို ပခုံး၌ တင်၍ သွားရ၏၊ ထိုင်ရာ၌ ဝှေးစေ့ပေါ်၌ ထိုင်ရ၏၊ ထိုယောကျ်ားကို လင်းတ ကျီးငှက် စွန်ရဲတို့သည် လိုက်၍ လိုက်၍ ထိုးဆိတ်ကြကုန်၏၊ ဆိတ်ဆွဲ ဖောက်ခွဲကုန်၏၊ ထိုယောကျ်ားသည် နာကျင်သော အသံကို ပြု၏။ **(ဝိ-၁။ ပြန်- ၁၅၀)( ၃ ) မှတ်**

**နတ်ကတော်မ အပြစ်ခံစားရပုံ**

ထိုမိန်းမသည် ခန္ဓာကိုယ်၌ မကောင်းသော အနံ့ရှိ၍ အလွန်ရုပ်ဆိုး၏၊ ထိုမိန်းမကို လင်းတ ကျီးငှက် စွန်ရဲတို့သည် လိုက်၍ လိုက်၍ ထိုးဆိတ်ကြကုန်၏၊ ဆိတ်ဆွဲ ဖောက်ခွဲကုန်၏၊ ထိုမိန်းမသည် နာကျင်သော အသံကို ပြု၏။ **(ဝိ-၁။ ပြန်- ၁၅၀) ( ၃ ) မှတ်**

**ဆံထုံး ဟူသည်**

ဆံပင်သက်သက်၊ ချည်နှင့်ရောသောဆံပင်၊ ပန်းနှင့်ရောသောဆံပင်၊ ငွေနှင့်ရောသောဆံပင်၊ ရွှေနှင့်ရောသော ဆံပင်၊ ပုလဲသွယ်နှင့်ရောသောဆံပင်၊ ပတ္တမြားနှင့်ရောသောဆံပင်။ **(ဝိ-၁။ ပြန်- ၁၇၈) ( ၄ ) မှတ်**

---

၅။ ကာယသံသဂ္ဂ ဒုဋ္ဌုလ္လဝါစာသိက္ခာပုဒ်တို့အလို မာတုဂါမ-အရကို ဖော်ပြ၍၊ သဉ္စရိတ္တသိက္ခာပုဒ်လာ မယား (၁၀) မျိုးတို့တွင် နောက်(၅)မျိုးကိုလည်း ဖြေဆိုပါ။

၅။ **ကာယသံသဂ္ဂ သိက္ခာပုဒ်၌ မာတုဂါမ အရ**

မာတုဂါမမည်သည် လူမိန်းမတည်း၊ ဘီလူး နတ်မ မဟုတ်၊ ပြိတ္တာမ မဟုတ်၊ တိရစ္ဆာန်မ မဟုတ်၊ အယုတ် အားဖြင့် ယနေ့ပင် မွေးဖွားသော သူငယ်မတည်း၊ အရွယ်ကြီးသော မိန်းမ၌ ဆိုဖွယ်ရာမရှိ သည်သာတည်း။

**(ဝိ-၁။ ပြန်- ၁၇၈) ( ၃ ) မှတ်**

**ဒုဋ္ဌုလ္လဝါစာ သိက္ခာပုဒ်၌ မာတုဂါမ အရ**

မိန်းမမည်သည် လူမိန်းမတည်း၊ ပြိတ္တာမ မဟုတ်၊ တိရစ္ဆာန်မ မဟုတ်၊ ကောင်း/မကောင်း ရုန့်ရင်း/မရုန့်ရင်း သော စကားကို သိနားလည်နိုင်သော မိန်းမတည်း။**(ဝိ-၁။ ပြန်- ၁၇၈) ( ၂ ) မှတ်**

**မယား(၁၀)မျိုးတို့တွင် နောက်(၅)မျိုး**

ခေါင်းခုကို ချစေသော မယား

ကျွန်မလည်းဖြစ် မယားလည်းဖြစ်သော မယား

အလုပ်သမလည်းဖြစ် မယားလည်းဖြစ်သော မယား

စစ်နိုင်၍ ဆောင်အပ်သော မယား

တခဏမျှ ''အခိုက်အတန့်''ထားသော မယား။ **(ဝိ-၁။ ပြန်- ၂၀၉) ( ၅ ) မှတ်**

---

၆။ အတောင်းအရမ်းထူသော ရဟန်းတို့ကို မြင်၍ လူတို့ ထိတ်လန့်ပုံကို ပေါ်လွင်အောင် ရေး၍၊ ကလျာဏ-ဘတ္တိကသူကြွယ်၏ သံဃာအား ပြုစုလုပ်ကျွေးပုံကို ဖြေဆိုပြီး၊ အရှင်ဒေဝဒတ် တောင်းသော ဝတ္ထု(၅)မျိုးကို လည်း ဖြေဆိုပါ။

၆။ **အတောင်းအရမ်းထူသောရဟန်းတို့ကိုမြင်၍ လူတို့ ထိတ်လန့်ပုံ**

လူတို့သည် တောင်းခြင်းဖြင့် နှိပ်စက်ခံရကုန်ဖြစ်၍ အရိပ်နိမိတ်ပြခြင်းဖြင့် နှိပ်စက်အပ်ကုန်သည် ဖြစ်ကုန်သည်ဖြစ်၍ ရဟန်းတို့ကို မြင်၍ ထိတ်လည်းထိတ်ကြကုန်၏၊ လန့်လည်းလန့်ကြကုန်၏၊ ပြေးလည်း ပြေးကြကုန်၏၊ ရှောင်ဖယ်၍လည်း ပြေးကြကုန်၏၊ မျက်နှာလွှဲ၍လည်း နေကြကုန်၏၊ တံခါးကိုလည်း ပိတ်ကြကုန်၏၊ နွားတို့ကို မြင်၍လည်း ရဟန်းဟု ထင်မှတ်၍ ပြေးကြကုန်၏။ **(ဝိ-၁။ ပြန်- ၂၂၆) ( ၃ ) မှတ်**

**ကလျာဏဘတ္တိကသူဌေးကြီး သံဃာအားလုပ်ကျွေးပုံ**

ကလျာဏဘတ္တိကဒါယကာသည် သံဃာအား စတုက္ကဘတ်ကို နိစ္စဘတ်လှူ၏၊ ထိုဒါယကာသည် ဆွမ်းစား ဇရပ်၌ သားမယားနှင့်တကွ အနီး၌တည်၍ လုပ်ကျွေး၏၊ အချို့ရဟန်းတို့ကို ဆွမ်းဖြင့် မေးကုန်၏၊ အချို့ ရဟန်းတို့ကို ဟင်းလျာဖြင့် မေးကုန်၏၊ အချို့ရဟန်းတို့ကို ဆီဖြင့် မေးကုန်၏၊ အချို့ရဟန်းတို့ကို လက်ဆုပ် ဟင်းလျာဖြင့် မေးကုန်၏။ **(ဝိ-၁။ ပြန်- ၂၆၁) ( ၂ ) မှတ်**

**အရှင်ဒေဝဒတ်တောင်းသော ဝတ္ထု(၅)မျိုး**

အသက်ထက်ဆုံး တောကျောင်း၌ နေခြင်း

အသက်ထက်ဆုံး ပိဏ္ဍပါတ်ဓုတင် ဆောင်ခြင်း

အသက်ထက်ဆုံး ပံသုကူသင်္ကန်း ဆောင်ခြင်း

အသက်ထက်ဆုံး သစ်ပင်ရင်း၌ နေထိုင်ခြင်း

အသက်ထက်ဆုံး ငါး/အမဲကို မစားသုံးခြင်း။ **(ဝိ-၁။ ပြန်- ၂၇၈) ( ၅ ) မှတ်**

---

၇။ ကီဋ္ဋာဂိရိဇနပုဒ်နေ လူတို့၏ အခြေအနေနှင့် ထိုဇနပုဒ်၌ သာသနာရှည်ကြောင်း နည်းလမ်းကောင်းကို အညတရဥပါသကာ လျှောက်ထားသည့်အတိုင်း ရေးသား၍၊ (ပါပသမာစာရ)ယုတ်မာသော အကျင့်ကို ကျင့်ပုံတို့ကိုလည်း ပဒဘာဇနီလာအတိုင်း ဖြေဆိုပါ။

၇။ **ကီဋ္ဋာဂီရိဇနပုဒ်နေ လူတို့၏အခြေအနေ**

ရှေးအခါက ရတနာသုံးပါးကို ကြည်ညိုကြသူတို့သည် ယခုအခါ ရတနာသုံးပါးကို မယုံကြည်ကြ မကြည်ညို ကြတော့ကုန်၊ ရှေးအခါက သံဃာတော်၏ အလှူဝတ်တို့သည်လည်း ယခုအခါ ပြတ်ပါကုန်ပြီ၊ သီလကို ချစ် မြတ်နိုးသော ရဟန်းတို့သည် ဆိတ်သုဉ်းကြကုန်၏၊ ယုတ်မာသော ရဟန်းတို့သည် နေကြကုန်၏။

**(ဝိ–၁။ ပြန်– ၂၉၃) ( ၄ ) မှတ်**

**အညတရဥပါသကာ၏ လျှောက်ထားချက်**

မြတ်စွာဘုရားသည် ကီဋ္ဋာဂီရိသို့ ရဟန်းတို့ကို စေလွှတ်တော်မူပါ၊ ယင်းသို့ စေလွှတ်ခြင်းဖြင့် ကီဋ္ဋာဂီရိ၌ ကျောင်းတိုက်တို့ကို ကောင်းစွာတည်ရာပါ၏ ဟု လျှောက်ပါ၏။ **(ဝိ–၁။ ပြန်– ၂၉၃) ( ၃ ) မှတ်**

**ယုတ်မာသောအကျင့်ကို ကျင့်ပုံ**

(ပါပသမာစာရ)ယုတ်မာသော အကျင့်ကို ကျင့်ခြင်းဟူသည် ပန်းပင်ငယ်တို့ကို စိုက်၏၊ စိုက်စေ၏၊ ရေသွန်း လောင်း၏၊ သွန်းလောင်းစေ၏၊ ဆွတ်ခူး၏၊ ဆွတ်ခူးစေ၏၊ သီကုံး၏၊ သီကုံးစေ၏။

**(ဝိ–၁။ ပြန်– ၂၉၇) ( ၃ ) မှတ်**

---

၈။ "မာတုဂါမနှင့် ဆိတ်ကွယ်ရာနေရာ၌ ထိုင်နေပြောအံ့" ဟူသော အဓိပ္ပါယ်ကို ပေါ်လွင်အောင် ရှင်းပြ၍၊ အခါမဲ့ သက်န်း, သက်န်းအဟောင်းတို့၏ သဘောအဓိပ္ပါယ်ကိုလည်း ဖြေဆိုပါ။

၈။ **မာတုဂါမနှင့် ဆိတ်ကွယ်ရာနေရာ၌ ထိုင်နေပြောအံ့ဟူသော အဓိပ္ပါယ်**

မာတုဂါမသည် ထိုင်လသော် ရဟန်းသည်လည်း ကပ်၍ ထိုင်၏၊ ကပ်၍ အိပ်၏၊ ရဟန်းသည် ထိုင်လသော် မာတုဂါမသည်လည်း ကပ်၍ ထိုင်၏၊ ကပ်၍လည်း အိပ်၏၊ နှစ်ယောက်လုံးလည်း ထိုင်ကြကုန်၏၊ နှစ် ယောက်လုံးသော်လည်း အိပ်ကြကုန်၏။ **(ဝိ–၁။ ပြန်– ၃၀၃) ( ၄ ) မှတ်**

**အခါမဲ့သင်္ကန်း ဟူသည်**

အခါမဲ့သင်္ကန်းမည်သည် ကထိန်မခင်းလျှင် တစ်ဆယ့်တစ်လအတွင်း၌ ဖြစ်ပေါ်သော သင်္ကန်းတည်း၊ ကထိန်ခင်းလျှင် ခုနစ်လအတွင်း၌ ဖြစ်ပေါ်သော သင်္ကန်းတည်း၊ သင်္ကန်းအခါ၌သော်လည်း ရည်ညွှန်း၍ လှူ အပ်သော သင်္ကန်းတည်း ဤသင်္ကန်းသည်ကား အခါမဲ့သင်္ကန်းမည်၏။ **(ဝိ–၁။ ပြန်– ၃၂၁) ( ၃ ) မှတ်**

**သင်္ကန်းဟောင်း ဟူသည်**

သင်္ကန်းဟောင်းမည်သည် တစ်ကြိမ်ပင် ဝတ်အပ်၊ တစ်ကြိမ်ပင် ရုံအပ်သော သင်္ကန်းတည်း။

**(ဝိ–၁။ ပြန်– ၃၂၄) ( ၃ ) မှတ်**

---

၉။ ရူပိယသိက္ခာပုဒ်လာ ငွေ(၅)မျိုးကို အစဉ်အတိုင်း ဖော်ပြ၍၊ ပရိဏတသိက္ခာပုဒ်ဖြင့် အာပတ်မသင့်နိုင်သော အနာပတ္တိဝါရကိုလည်း ဖြေဆိုပါ။

၉။ **ငွေ (၅)မျိုး**

အသပြာ၊ ကြေးပိုက်ဆံ၊ သစ်သားပိုက်ဆံ၊ ချိပ်ပိုက်ဆံ၊ အရောင်းအဝယ် ဖြစ်နိုင်သမျှ ဝတ္ထု။

**(ဝိ-၁။ ပြန်- ၃၆၅) ( ၅ ) မှတ်**

**ပရိဏတ သိက္ခာပုဒ်လာ အနာပတ္တိဝါရ**

''အဘယ်၌ လှူရကုန်အံ့နည်း''ဟု မေးအပ်လသော် အကြင်အရပ်၌ သင်တို့၏ လှူဖွယ်ဝတ္ထုသည် သုံးဆောင်ခြင်းကိုသော်လည်းကောင်း ပြုပြင်စီရင်ခြင်းကိုသော်လည်းကောင်း ရရာ၏၊ ကြာမြင့်စွာ တည်သည်လည်း ဖြစ်ရာ၏၊ ထိုအရပ်၌ လှူကုန်လော့ဟုလည်းကောင်း၊ သို့မဟုတ် အကြင်အရပ်၌ သင်တို့၏ စိတ်သည် ကြည်လင်၏ ထိုရပ်၌ လှူကုန်လော့ဟုလည်းကောင်း ဆိုအံ့၊ အာပတ်မသင့် ရူးသောရဟန်း၊ အစလက်ဦး လွန်ကျူးသောရဟန်း။ **(ဝိ-၁။ ပြန်- ၄၀၃) ( ၅ ) မှတ်**

---

၁၀။ အောက်ပါရဟန်းတို့အား မည်သည့်အာပတ်သင့်ရောက်သနည်း? ဖြေဆိုပါ။

(က) လူကုန်ကူးသော ရဟန်း။

( ခ ) မာတုဂါမ၏ လက်မောင်းကို ချီးမွမ်းသောရဟန်း။

( ဂ ) ပဏ္ဍုက်ကို အောင်သွယ်ပေးသောရဟန်း။

(ဃ) ဆွေမျိုးတို့၌ ယုံမှား၍ သင်္ကန်းတောင်းသောရဟန်း။

( င ) ရွှေငွေကို ယုံမှား၍ ခံယူမိသောရဟန်း။

၁၀။ **သင့်ရောက်သော အာပတ်**

| | | |
|---|---|---|
| (က) ပါရာဇိက အာပတ်။ | **(ဝိ-၁။ ပြန်- ၆၉)** | **( ၂ ) မှတ်** |
| ( ခ ) ဒုက္ကဋ် အာပတ်။ | **(ဝိ-၁။ ပြန်- ၁၉၃)** | **( ၂ ) မှတ်** |
| ( ဂ ) ထုလ္လစ္စည်း အာပတ်။ | **(ဝိ-၁။ ပြန်- ၂၂၅)** | **( ၂ ) မှတ်** |
| (ဃ) ဒုက္ကဋ် အာပတ်။ | **(ဝိ-၁။ ပြန်- ၃၃၂)** | **( ၂ ) မှတ်** |
| ( င ) နိဿဂ္ဂိပါစိတ် အာပတ်။ | **(ဝိ-၁။ ပြန်- ၃၆၆)** | **( ၂ ) မှတ်** |

---

## အုပ်စု (၁) ဝိနယပိဋက
## ပါစိတ်ပါဠိတော် မြန်မာပြန် မေးခွန်း နှင့် အဖြေ

---

၁။ သာကီဝင်မင်းသား အရှင်ဟတ္ထကကို ဒုတိယအကြိမ်ကဲ့ရဲ့ကြသောပုဂ္ဂိုလ်များ၏ ဂုဏ်ရည် ၅-မျိုးကို ဖော်ပြ၍ မြတ်သောအနာရောဂါဖြင့် မြတ်သောအနာရောဂါရှိသူကို ဆဲရေးပြောဆိုသောရဟန်းအား ပါစိတ်အာပတ်သင့်ပုံကိုရေးပြီး မြတ်ဗုဒ္ဓ၏ အဆုံးအမသာသနာတော်၌ ကြီးပွားကြောင်း ၂-မျိုးကိုလည်း ဖြေဆိုပါ။

၁-ဖြေ **ဂုဏ်ရည် ၅-မျိုး**

(၁) အလိုနည်းခြင်း၊
(၂) ရောင့်ရဲလွယ်ခြင်း၊
(၃) မကောင်းမှုကို ရက်တတ်ခြင်း၊
(၄) တွေးတောမှု,သံသယကုက္ကုစ္စ.ရှိခြင်း၊
(၅) သိက္ခာသုံးပါးကို လိုလားခြင်း။ (ဝိ၊၂၊၂)

**ပါစိတ်အာပတ်သင့်ပုံ-**

ရဟန်းသည် ရဟန်းကို ဆဲရေးလိုရှုတ်ချလို အရှိန်အစော်မဲ့ကိုပြုလုပ်လို၍မြတ်သောအနာရောဂါဖြင့် မြတ်သောအနာရောဂါရှိသူကို ပြောဆို၏၊ ပျားရည်နှင့်တူသော မုတ်ယိုနာ (ဆီးချိုနာ) ရှိသူကို ''သင်သည် ပျားရည်နှင့် တူသော မုတ်ယိုနာ (ဆီးချိုနာ) ရှိသူ ဖြစ်၏''ဟု ပြောဆိုဆဲရေးအံ့၊ စကားခွန်းတိုင်း ခွန်းတိုင်း ပါစိတ်အာပတ် သင့်၏။ (ပါစိတ်၊ပြန်၊၁၇)

**ကြီးပွားကြောင်း ၂-မျိုး**

၁။ အပြစ်ကို အပြစ်အားဖြင့် မြင်၍ တရားနှင့်လျော်စွာ ကုစားခြင်း၊
၂။ နောင်အခါ၌လည်း စောင့်စည်းခြင်းသို ရောက်ခြင်း(စောင့်စည်းခြင်း)။ (ပါစိတ်၊ပြန်၊၃၉)

---

၂။ မျိုးစေ့ကိုဖျက်ဆီးခိုင်းသော်လည်း အာပတ်မသင့်အောင် ခိုင်းနည်းတို့ကို ဖော်ပြ၍ သံဃိကဥယျာဉ်စောင်းကို ခင်း၍ ရုပ်သိမ်းမှုစသည်မပြုဘဲ ခရီးသွားခဲ့သော် ဒုက္ကဋ်အာပတ်သင့်စေနိုင်သော ခင်းရာဌာနတို့ကို ဖော်ပြပြီး ဩဝါဒသိက္ခာပုဒ်လာ သုဒ္ဓပါစိတ်အာပတ် (၁၈) ချက်တွင် နောက်ဆုံး (၂) ချက်ကိုသာ ထုတ်ပြပါ။

ဖြေ။ **အာပတ်မသင့်အောင် မျိုးစေ့ ဖျက်ခိုင်းနည်း-**

၁။ ဤမျိုးစေ့ကို သိလော့-ဟု ပြောဆိုခိုင်းရခြင်း
၂။ ဤမျိုးစေ့ကို ပေးလော့-ဟု ပြောဆိုခိုင်းရခြင်း။
၃။ ဤမျိုးစေ့ကို ဆောင်ယူခဲ့လော့-ဟု ပြောဆိုခိုင်းရခြင်း။
၄။ ဤ မျိုးစေ့ဖြင့် အလိုရှိ၏-ဟု ပြောဆိုခိုင်းရခြင်း။
၅။ ဤမျိုးစေ့ကို အပ်အောင် ပြုလော့-ဟု ပြောဆိုခိုင်းရခြင်း။ (ပါစိတ်၊ပြန်၊၆၆)

**ဒုက္ကဋ်အာပတ်သင့်ရောက်စေနိုင်သော ခင်းရာဌာနများ**

၁။ ကျောင်း ၂။ ကျောင်း၏ ဥပစာအရပ်၊
၃။ စည်းဝေးရာ ဇရပ် ၄။မဏ္ဍပ် ၅။ သစ်ပင်ရင်း။ (ပါစိတ်၊ပြန်၊၇၉)

**နောက်ဆုံး ပါစိတ်အာပတ် (၂) ချက် -**

၁။ အဓမ္မကံ၌ဓမ္မကံဟုအမှတ်ရှိလျက်ညီညွတ်သောဘိက္ခုနီသံဃာကိုယုံမှားရှိလျက်ဆုံးမလျှင်ပါစိတ်အာပတ် ၁-ချက်၊
၂။ အဓမ္မကံ၌ ဓမ္မကံဟု အမှတ်ရှိလျက် ညီညွတ်သောဘိက္ခုနီသံဃာကို ညီညွတ်၏ဟု အမှတ်ရှိလျက် ဆုံးမလျှင် ပါစိတ်အာပတ် ၁-ချက်၊ (ပါစိတ်၊ပြန်၊၁၀၁)

---

၃။ ပရမ္ပရဘောဇနသိက္ခာပုဒ်၌ မပါဝင်သော နောက်ဆက်တွဲပညတ်(အနုပညတ်) တစ်ခုကို ဝတ္ထုကြောင်းနှင့် တကွရေး၍ ပဝါရိတ်သင့်၍ နေရာမှ ထပြီးသော ရဟန်းသည် ဘောဇဉ်တစ်ခုခုကို ထပ်ဘုဉ်းပေးလိုသော် မည်ကဲ့သို ပြုလုပ်ရပါမည်နည်း? ပြုလုပ်ပုံအစီအစဉ်(အပိုအကျန်ဖြစ်အောင်ပြုနည်း)ကို ဖော်ပြပါ။

၃-ဖြေ **နောက်ဆက်တွဲ ပညတ်–** ဝိကပ္ပနာပြုခြင်းဖြစ်ပါသည်။

**အကြောင်းဝတ္ထု–**

အခါတပါး မြတ်စွာဘုရားသည် နံနက်အချိန်ခါ သင်္ကန်းပြင်ဝတ်ပြီး သပိတ်သင်္ကန်းကို ယူလျက် နောက်ပါရဟန်း အရှင်အာနန္ဒာနှင့်အတူ တစ်ဦးသော ဒါယကာအိမ်သို့ ချဉ်းကပ်၍ ခင်းထားအပ်သော နေရာ၌ ထိုင်နေတော်မူ၏။

ထိုအခါထိုလူတို့သည်မြတ်စွာဘုရားအားလည်းကောင်းအရှင်အာနန္ဒာအားလည်းကောင်းဘောဇဉ်ကိုလှူဒါန်း ကုန်၏။ အရှင်အာနန္ဒာသည် မအပ်ဟု တွေးတောမှု 'သံသယကုက္ကုစ္စ' ရှိသည်ဖြစ်၍ မခံယူချေ၊ မြတ်စွာဘုရား သည် အာနန္ဒာ ခံယူလော့ဟု (မိန့်တော်မူ၏)။ မြတ်စွာဘုရား တန်ပါပြီ တပည့်တော်အား ဆွမ်းကို ရနိုးခြင်း သည် ရှိပါ၏ဟု (လျှောက်၏)။ အာနန္ဒာ သို့ဖြစ်လျှင် ဝိကပ္ပနာပြု၍ ခံယူလော့ဟု (မိန့်တော်မူ၏)။

ထိုအခါမြတ်စွာဘုရားသည်ဤအကြောင်းအရာကြောင့်တရားစကားကိုဟောတော်မူ၍ရဟန်းတို့ကို–'' ရဟန်းတို့ ဝိကပ္ပနာပြု၍ ပရမ္ပရဘောဇဉ်ကို သုံးဆောင်ခြင်းငှါ ခွင့်ပြုတော်မူ၏''ဟု မိန့်တော်မူသည်။

(ပါစိတ်၊ပြန်၊၁၄၁)

**အပိုအကျန်ဖြစ်အောင်ပြုနည်း–**

မိမိ ထပ်ဘုဉ်းပေးလိုသော ဘောဇဉ်တစ်ခုခုကို –

၁။ ကပ္ပိ၍ 'အပ်သည်ကို' ပြုအပ်၏၊

၂။ အကပ်ခံ၍ ပြုအပ်၏၊ ဝိနည်းမှိုရ်၏အနီး

၃။ ချီမ၍ ပြုအပ်၏၊၄။ ဟတ္ထပါသ်၌ ပြုအပ်၏၊

၅။ ဝိနည်းမှိုရ်က ဆွမ်းစားစဉ် ပြုအပ်၏၊

၆။ ဆွမ်းစားစဉ် တားမြစ်မိသော ရဟန်းသည် နေရာမှ မထမီ ပြုအပ်၏၊

၇။ ''ဤအလုံးစုံကို ငါတန်ပြီ''ဟု ဆိုအပ်၏၊

၈။ သူနာ၏ အကြွင်း ဖြစ်အောင် လုပ်ရ၏။ (ပါစိတ်၊ပြန်၊၁၄၈)

---

၄။ ဘုရားလက်ထက်တော်အခါက အလုံးစုံပွံ့သကူဓုတင်ဆောင် ရဟန်းတပါး၏ နေရပ်နှင့် လုပ်ရပ်(သဘောထား)၊ ထိုလုပ်ရပ်ကြောင့် လူအများက ကဲ့ရဲ့ပုံတို့ကို ဖော်ပြ၍ ဆဗ္ဗဂ္ဂီရဟန်းတို့က မဟာနာမ် သာကီဝင်မင်း၌ ရန်ငြိုးဖွဲ့ရ ခြင်း၏ အကြောင်းကိုလည်း ရေးပါ။

၄-ဖြေ **အလုံးစုံ ပွံ့သကူဓုတင်ဆောင် ရဟန်း၏ နေရပ်–** သုသာန် ဖြစ်သည်။

**သဘောထား–** ထိုရဟန်းသည် လူတို့ ပေးလှူသည်ကို ခံယူခြင်းငှါ အလိုမရှိ၊ သုသာန်၌လည်းကောင်း၊ သစ်ပင်ရင်း၌လည်းကောင်း၊ တံခါးခုံ၌လည်းကောင်း သေလွန်သော မိဘဘိုးဘွား စသည်တို့၏ အကျိုးငှါ စွန့် ထားသော ခဲဖွယ်ဘောဇဉ်တို့ကို ကိုယ်တိုင်ယူ၍ စား၏။ (ပါစိတ်၊ပြန်၊၁၆၂)

**လူအများက ကဲ့ရဲ့ပုံ–**

လူတို့သည် ၁။''အဘယ့်ကြောင့် ဤရဟန်းသည် ငါတို့၏ သေလွန်သော မိဘဘိုးဘွားစသည်တို့၏ အကျိုးငှါ စွန့်ထားသော ခဲဖွယ်ဘောဇဉ်တို့ကို ကိုယ်တိုင် ယူ၍ စားဘိသနည်း၊

၂။ ဤရဟန်းသည် ဆူဖြိုး၏၊ လူသားကို စားလေယောင်တကား''ဟု ကဲ့ရဲ့ကုန်၏၊ (ပါစိတ်၊ပြန်၊၁၆၂)

**ရန်ငြိုးဖွဲ့ရခြင်းအကြောင်း–** မဟာနာမ် သာကီဝင်မင်းက ဆဗ္ဗဂ္ဂီရဟန်းတို့ကို ''အရှင်ဘုရားတို့ အရှင်တို့ သည် အဘယ့်ကြောင့် မကောင်းသဖြင့် ဝတ်ဆင်ကုန်ဘိသနည်း၊ မကောင်းသဖြင့် ဝတ်ရုံကုန်ဘိသနည်း၊ (ရဟန်း ၏) အသွင်နှင့် မပြည့်စုံကုန်ဘိသနည်း၊ ရဟန်းဖြစ်သော သူသည် ကောင်းစွာ ဝတ်ဆင်သင့်သည်, ကောင်းစွာ ဝတ်ရုံသင့်သည် (ရဟန်း၏) အသွင်နှင့် ပြည့်စုံသင့်သည် မဟုတ်ပါလော''ဟု ပြောဆိုလေ့ရှိသောကြောင့် ဆဗ္ဗဂ္ဂီ ရဟန်းတို့က မဟာနာမ် သာကီဝင်မင်းအပေါ်၌ ရန်ငြိုးဖွဲ့ကြသည်။ (ပါစိတ်၊ပြန်၊၁၈၂)

---

၅။ မြတ်စွာဘုရား ခွင့်ပြုတော်မူသော စစ်တပ်ထဲသို သွားသင့်သော အကြောင်းတစ်မျိုးကို ဖော်ပြ၍ စေတိယတိုင်း ဘဒ္ဒဝတိကာရွာသို့ ကြွရောက်လာသော မြတ်ဗုဒ္ဓကို အဝေးကပင် တွေ့မြင်ကြသော ပုဂ္ဂိုလ်စာရင်းနှင့် လျှောက်ထားသောစကားတို့ကို ဖြေဆိုပြီး ရဟန်းတပါးကို ဘော့လ်ပင်ဖြင့် ခါးတို့စနောက်သော ရဟန်းအား သင့်ရောက်သောအာပတ်ကိုလည်း ရေးပါ။

၅-ဖြေ **စစ်တပ်ထဲသို သွားသင့်သော အကြောင်း-**

စစ်တပ်ထဲက မကျန်းမာနေသူ (ဆွေမျိုး)တစ်ဦးက "အကျွန်ုပ်သည် စစ်တပ်ထဲ၌ နာဖျားနေပါ၍ ကြွခဲ့ပါလော့၊ အရှင်၏ ကြွလာခြင်းကို အလိုရှိပါ၏''ဟု တမန်စေလွှတ် ပင့်လျှောက်လာခြင်းဟူသော အကြောင်း ဖြစ်ပါသည်။ (ပါစိတ်၊ပြန်၊၁၈၇)

**ပုဂ္ဂိုလ်စာရင်း-** ၁။ နွားကျောင်းသား ၂။ ဆိတ်ကျောင်းသား ၃။ လယ်ထွန်သမား ၄။ ခရီးသွားပုဂ္ဂိုလ်များ ဖြစ်ပါသည်။

**လျှောက်ထားသော စကား-**

နွားကျောင်းသား စသော ပုဂ္ဂိုလ်များက "အရှင်ဘုရား သရက်ပင်ဆိပ်သို ကြွတော်မမူပါလင့်၊ သရက်ပင် ဆိပ်ရသေ့၏ ကျောင်းသင်္ခမ်း၌ လျှင်သောကြမ်းသော အဆိပ်ရှိသည့် တန်ခိုးနှင့် ပြည့်စုံသော နဂါးသည် နေပါ၏ ဘုရား၊ ထိုနဂါးသည် မြတ်စွာဘုရားကို မညှဉ်း ဆဲပါစေလင့်''ဟု လျှောက်ထားကြသည်။ (ပါစိတ်၊ပြန်၊၁၉၄)

**သင့်ရောက်သော အာပတ်-** ဒုက္ကဋ်အာပတ်ဖြစ်ပါသည်။(ပါစိတ်၊ပြန်၊၁၉၈)

---

၆။ လူဝတ်ကြောင်တစ်ယောက် ကြောက်လန့်သွားအောင် ခြောက်လှန့်နည်းမျိုးစုံနှင့် ခြောက်လှန့်သူရဟန်းအား သင့်သော အာပတ်တို့ကို သိက္ခာပုဒ်ထောက်ကာ ရေး၍ ရဟန်းတပါး၏ သံဃာဒိသိသ်အာပတ်ကို သိလျက် မပြောဘဲ ဖုံးလွှမ်းထားနိုင်ခြင်းအကြောင်းတို့တွင် ရှေ့ဆုံး ၂-ချက်ကိုသာ ဖော်ပြပါ။

၆-ဖြေ **ခြောက်လှန့်နည်းမျိုးစုံ-**

ရဟန်းမဟုတ်သူ (လူဝတ်ကြောင်) ကို ခြောက်လှန့်လိုသည်ဖြစ်၍ အဆင်းကိုသော်လည်းကောင်း၊ အသံကိုသော်လည်းကောင်း၊ အနံ့ကိုသော်လည်းကောင်း၊ အရသာကိုသော်လည်းကောင်း၊ အတွေ့ကို သော်လည်းကောင်း အနီးသို ဆောင်ပြခြင်း၊ ခိုးသူရှိသော ခရီးခဲကိုသော်လည်းကောင်း၊ သားရဲရှိသော ခရီးခဲကို သော်လည်းကောင်း၊ မြေဖုတ် ဘီလူးရှိသော ခရီးခဲကိုသော်လည်းကောင်း ပြောကြားခြင်းတို့ ဖြစ်ပါသည်။

**သင့်သောအာပတ်-**

ဘိံသာပန သိက္ခာပုဒ်ကို ထောက်၍ ခြောက်လှန့်ခံရသူ လူဝတ်ကြောင် ကြောက်သည်ဖြစ်စေ မ ကြောက်သည် ဖြစ်စေ ခြောက်လှန့်သူ ရဟန်း အား ဒုက္ကဋ်အာပတ်သင့်ပါသည်။(ပါစိတ်၊ပြန်၊၂၀၄)

**မပြောဘဲ ဖုံးလွှမ်းထားနိုင်ခြင်း အကြောင်း ၂-ချက်**

၁။ သံဃာတော်၏ ခိုက်ရန်ဖြစ်ခြင်း၊ ငြင်းခုံခြင်း၊ ဆန့်ကျင်သောစကားကို ယူခြင်း၊ ဆန့်ကျင်သော စကား ကို ပြောဆိုခြင်းသည် ဖြစ်လတ္တံ့''ဟု အောက်မေ့မိခြင်း-ဟူသော အကြောင်း၊

၂။ သံဃာ၏ ကွဲပြားခြင်းသော်လည်းကောင်း၊ သံဃာ၏ အရေး 'အက်ကြောင်း' သော်လည်းကောင်း ဖြစ် လတ္တံ့''ဟု နှလုံးပိုက်မိခြင်း-ဟူသော အကြောင်းတိုဖြစ်သည်။(ပါစိတ်၊ပြန်၊၂၂၆)

---

၇။ အသက်(၂၀) ပြည့်ပြီးသော ပုဂ္ဂိုလ်ကိုသာ ရဟန်းပြုပေးရန် ခွင့်ပြုတော်မူရခြင်း၏ အကြောင်းကို ပြည့်စုံအောင် ရေး၍ မိုက်မဲတွေဝေခြင်းသို့ တင်ကြောင်းကံသည် အပလောကနကံစသော ကံ ၄-ပါးတွင် မည့်သည့်ကံမျိုး ဖြစ်သည်ကို ဖြေပြီး တိုင်ပင်သံ ကြားလောက်ရာအရပ်၌ ရပ်နားထောင်နိုင်သည့် အကြောင်းတစ်မျိုးကိုလည်း ရေးပါ။

၇-ဖြေ **ခွင့်ပြုရခြင်းအကြောင်း-**

အသက်နှစ်ဆယ်ပြည့်ပြီးသော ပုဂ္ဂိုလ်သည် (၁)အချမ်း အပူ ဆာလောင်ခြင်း မွတ်သိပ်ခြင်း မှက် ခြင် လေ နေပူမြွေ ကင်း သန်းတို့၏ အတွေ့တိုကို သည်းခံနိုင်ခြင်း၊ (၂) မကောင်းသဖြင့် ဆိုအပ် မကောင်းသဖြင့် ရောက်လာသော စကားကိုလည်းကောင်း၊ ကိုယ်၌ ဖြစ်ဆဲဖြစ်သော ပြင်းထန် ကြမ်းကြုတ် ခါးစပ် ကျင်နာ မသာယာဖွယ် မနှစ်သက်ဖွယ်ဖြစ်သော သေလောက်သော ဆင်းရဲဝေဒနာတို့ကိုလည်းကောင်း သည်းခံနိုင်သော သဘောရှိခြင်းတို့ ဖြစ်ပါသည်။

အချုပ်-(အသက်နှစ်ဆယ်ပြည့်သော ပုဂ္ဂိုလ်သည်သာလျှင် အချမ်းအပူစသော ဆင်းရဲဝေဒနာတို့ကို သည်းခံနိုင်ခြင်းသဘောရှိသောကြောင့် ဖြစ်သည်) (ပါစိတ်၊ပြန်၊၂၂၈)

**မိုက်မဲတွေဝေခြင်းသို့ တင်ကြောင်းကံသည် -**

ကံ ၄-မျိုးတွင် ဉတ္တိဒုတိယကံ မျိုးဖြစ်ပါသည်။ (ပါစိတ်၊ပြန်၊၂၅၄)

**တိုင်ပင်သံကို ရပ်နားထောင်နိုင်ခြင်းအကြောင်း-**

ရဟန်းတို၏ စကားကို ကြား၍ ရှောင်ကြဉ်အံ့ အထူးရှောင်ကြဉ်အံ့ ငြိမ်းစေအံ့ မိမိကိုယ်ကို လွတ်စေအံ့'' ဟု နှလုံးသွင်းကောင်းရှိခြင်းဟူသော အကြောင်း။ (ပါစိတ်၊ပြန်၊၂၆၅)

---

၈။ မြတ်စွာဘုရားကို အနီးကပ်ဆည်းကပ်နေစဉ် ရောက်လာသော ကောသလမင်းကြီးကို အရိုအသေ မပေးဘဲနေသော ဒါယကာ၏ ဂုဏ်ရည်၊ အရိုအသေ မပေးရခြင်း၏ အကြောင်းတို့ကို ရေး၍ မရိုမသေ ဆွမ်းခံပုံ၊ မရိုမသေ ဆွမ်းစားပုံတို့ကို ရေးပြီး ဂိလာနသော်မှ လွတ်လပ်ခွင့်မရသော ပထမဆုံးသေခိယသိက္ခာပုဒ်စည်းကမ်းကို ထုတ်ပြပါ။

၈-ဖြေ **ဒါယကာ၏ ဂုဏ်ရည်များ**

(၁) အကြားအမြင်လည်း များခြင်း၊

(၂) အာဂုံ (ပါဠိ) နှုတ်၌ လာပြီးသူလည်း ဖြစ်ခြင်း၊

(၃) ကာမဂုဏ်တို့၌ တပ်နှစ်သက်မှု ကင်းခြင်း တိုဖြစ်ပါသည်။

**အရိုသေ မပေးခြင်းအကြောင်း-**

မြတ်စွာဘုရားကို ရိုသေလေးစားခြင်းကြောင့် ဖြစ်ပါသည်။ (ပါစိတ်၊ပြန်၊၂၇၇)

**မရိုမသေဆွမ်းခံပုံ-**

စွန့်ပစ်လိုသကဲ့သို ဆွမ်းကို ခံယူခြင်းသည် မရိုမသေဆွမ်းခံခြင်း မည်ပါသည်။ (ပါစိတ်၊ပြန်၊၃၃၃)

**မရိုမသေဆွမ်းစားပုံ-**

ဆွမ်းကို မစားလိုသကဲ့သို့ စားခြင်း(မစားချင်သလိုလိုစားခြင်း)မျိုးသည် မရိုမသေ ဆွမ်းစားခြင်းမည်ပါသည်။ (ပါစိတ်၊ပြန်၊၃၃၅)

**ဂိလာနလွတ်လပ်ခွင့်မရ ပထမဆုံးသော သိက္ခာပုဒ်စည်းကမ်း-**

ဆွမ်းကို သပိတ်အတွင်း အနားရေးနှင့် ညီမျှရုံ ခံယူအံ့ဟု ကျင့်ကြံ အားထုတ်မှုကို ပြုရမည်။(ပါစိတ်၊ပြန်၊၃၃၄)

---

၉။ ရဟန်းမအချင်းချင်း အတူတကွပေါင်းသင်းခြင်းဟူသည် အဘယ်နည်း? ဖြေဆို၍ ဘိက္ခုနီသံဃာဒိသေသ် သိက္ခာပုဒ်လာ လူအများ၏ ကဲ့ရဲ့ခံရသော ပုဂ္ဂိုလ်နှင့် ကဲ့ရဲ့ပုံတိုကို ရေးပြီး ဘိက္ခုနီနိဿဂ္ဂီအခန်းပတ္တဝဂ် ဒွါဒသမ သိက္ခာပုဒ်လာ ပုဂ္ဂိုလ်အား နိဿဂ္ဂီ(စွန့်ခြင်းဝိနည်းကံရှိသော)ပစ္စည်း စွန့်ပုံအစီအစဉ်ကို ပြည့်စုံအောင် ရေးပြပါ။

၉-ဖြေ **အတူတကွပေါင်းသင်းခြင်းဟူသည်-**

အတူတကွဝိနည်းကံပြုမှု၊အတူတကွပါတိမောက်ရွတ်ပြမှု၊တူမျှသောကျင့်ကြံနေထိုင်မှုမျိုးဖြစ်ပါသည်။ (ပါစိတ်၊ပြန်၊၃၉၀)

**ကဲ့ရဲ့ခံရသော ပုဂ္ဂိုလ်-** ထုလ္လနန္ဒာဘိက္ခုနီ

**ကဲ့ရဲ့ပုံ-** လူအပေါင်းတိုက ''ဘိက္ခုနီမတိုသည် ရှေးဦးစွာ ဘဏ္ဍာတိုက်ကို လုယက်ကုန်၏၊ နှစ်ကြိမ်မြောက် ဒဏ်ထားစေကုန်၏၊ သုံးကြိမ်မြောက် နှောင်ဖွဲ့စေကုန်၏၊ ယခုအခါ၌မူကား သတ်စေကုန်လတ္တံ့''ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ (ပါစိတ်၊ပြန်၊၃၉၂)

**ပုဂ္ဂိုလ်အား နိဿဂ္ဂီပစ္စည်း စွန့်ပုံ အစီအစဉ်-**

နိဿဂ္ဂီပစ္စည်းစွန့်မည့်ဘိက္ခုနီမသည်ဘိက္ခုနီမတစ်ယောက်ထံသို့ချဉ်းကပ်၍လက်ဝဲတစ်ဖက် ပခုံးထက်၌ ဧကသီကို စံပယ်တင်ပြီးလျှင် ဆောင့်ကြောင့်ထိုင်ကာ လက်အုပ်ချီလျက် ''အရှင်မ တပည့်တော်မ၏ ဤပေါ့ပါးသောခြုံထည်သည် နှစ်ကံသခွဲထက် အလွန် တောင်းအပ်သည်ဖြစ်၍ စွန့်အပ်ပါ၏(စွန့်ခြင်းဝိနည်းကံရှိပါ၏)။ တပည့်တော်မသည် ဤခြုံထည်ကို အရှင်မအား စွန့်ပါ၏-ဟု ဆိုရာ၏၊ စွန့်ပြီးနောက် အာပတ်ကို ဒေသနာကြားရမည်၊ ထိုဘိက္ခုနီမသည် အာပတ်ကို ခံယူရမည်၊ ''ဤသပိတ်ကို အသျှင်မအား ပေးပါ၏' 'ဟု ဆို၍ စွန့်ပြီး သပိတ်ကို ပြန်ပေးရမည်။ (ပါစိတ်၊ပြန်၊၄၅၂)

---

၁၀။ ရဟန်းယောကျ်ား, ရဟန်းမများ စားကောင်းသော ကြက်သွန်များကို ဖြေဆို၍ ထုလ္လနန္ဒာ ဘိက္ခုနီမထက် သာလွန်သော ဘဒ္ဒါကာပိလာနီဘိက္ခုနီမ၏ ဂုဏ်ရည်ကို ဖော်ပြပြီး ကုမာရီဘူတဝဂ် ၁၂-ခုမြောက်သိက္ခာပုဒ်၊ ဘိက္ခုနီသတ္တမပါဋိဒေသနီသိက္ခာပုဒ်စည်းကမ်း ဥပဒေတို့ကိုလည်း ရေးပါ။

၁၀-ဖြေ **စားကောင်းသောကြက်သွန်များ-**

(၁) ကြက်သွန်ဝါ (၁-မြှောင့်သာရှိ)၊

(၂) ကြက်သွန်နီ (၂-မြှောင့်သာရှိ)၊

(၃) ကြက်သွန်စိမ်း (၃-မြှောင့်သာရှိ)၊

(၄) အမြှောင့်မရှိ (ဥတစ်လုံး) ကြက်သွန်ဖြူ (အမြှောင့်မပါ အမြိတ်သာပါရှိသော ကြက်သွန်) (ပါစိတ်၊ပြန်၊၄၅၆)

**ဘဒ္ဒါကာပိလာနီဘိက္ခုနီမ၏ ထူးခြားသောဂုဏ်ရည်**

မွန်မြတ်သူဟု ချီးမွမ်းအပ်သူဖြစ်ခြင်း (ပါစိတ်၊ပြန်၊၅၁၈)

**ကုမာရီဘူတဝဂ် ၁၂-ခုမြောက်သက္ခာပုဒ်ဥပဒေ-**

အကြင်ဘိက္ခုနီမသည် နှစ်စဉ် (ဥပဇ္ဈာယ်ပြု၍) ရဟန်း ပြုပေးငြားအံ့၊ (ထိုဘိက္ခုနီမအား) ပါစိတ်အာပတ် သင့်၏။ (ပါစိတ်၊ပြန်၊၆၂၅)

**ဘိက္ခုနီသတ္တမပါဋိဒေသနီသိက္ခာပုဒ်ဥပဒေ-**

အကြင် ဘိက္ခုနီမသည် နို့ရည်ကို တောင်း၍ သုံးဆောင်ငြားအံ့၊ ထိုဘိက္ခုနီမသည် 'အရှင်မတို့ အကျွန်ုပ်သည် ကဲ့ရဲ့အပ် မလျော်ကပ်သော ပါဋိဒေသနီအာပတ်သို့ ရောက်ပြီ၊ ထိုအာပတ်ကို ပြောကြားပါ၏'ဟု ပြောကြားရမည်။ (ပါစိတ်၊ပြန်၊၆၅၄)

---

ပိဋကတ္တယမာမကအသင်း နာယကဆရာတော်များ ကြီးမှူးကျင်းပသော

ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန်စာမေးပွဲ

အုပ်စု (၁) ဝိနယပိဋက

**မဟာဝါပါဠိတော် မြန်မာပြန် အမေးနှင့် အဖြေလွှာ**

၁၃၈၅-ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် (၈) ရက်၊ (၁၀.၇.၂၀၂၃) တနင်္လာနေ့

---

၁။ မုစလိန္ဒနဂါးမင်းသည် အဘယ်သို့ နှလုံးသွင်း၍ မြတ်စွာဘုရား၏ ကိုယ်တော်ကို အခွေတို့ဖြင့် ခုနစ်ပတ် ရစ်ပတ်၍ ဦးထိပ်ထက်၌ ကြီးစွာသော ပါးပြင်းကို မိုးလျက် တည်နေပါသနည်း? ဖြေဆို၍၊ ပထမဆုံး ဒွေဝါစိကဥပါသကာတို့၏ နာမည်နှင့် မြတ်စွာဘုရားအား ၎င်းတို့ လှူဒါန်းသော မုန့်နှစ်မျိုးကို ဖြေဆိုပါ။

၁-ဖြေ မုစလိန္ဒနဂါးမင်းသည် "မြတ်စွာဘုရားကို အအေး အပူ ခြင် မှက် လေ နေ မြွေ ကင်းတို့၏ အတွေ့ သည် မဖြစ်ပါစေလင့်"ဟု နှလုံးသွင်း၍ မြတ်စွာဘုရား၏ ကိုယ်တော်ကို အခွေတို့ဖြင့် ခုနစ်ပတ် ရစ်ပတ်၍ ဦးထိပ် ထက်၌ ကြီးစွာသော ပါးပြင်းကို မိုးလျက် တည်နေပါသည်။ (မြန်-၄) **(၄-မှတ်)**

**ပဌမဆုံး ဒွေဝါစိကဥပါသကာ**= တပုဿနှင့် ဘလ္လိကာ ကုန်သည်ညီနောင်တို့ ဖြစ်ပါသည်။

(မြန်-၆) **(၂-မှတ်)**

**မြတ်စွာဘုရားအား ၎င်းတို့ လှူဒါန်းသော မုန့်နှစ်မျိုးကား**= မုန့်ကြွက်ကျစ်နှင့် ပျားမုန့်ဆုပ်တို့ ဖြစ်ပါသည်။ (မြန်-၅) **(၄-မှတ်)**

---

၂။ အနတ္တလက္ခဏာသုတ်တော်ကို နာကြားပြီးသည်၏အဆုံး၌ ရဟန္တာဖြစ်ကြသော ပုဂ္ဂိုလ်ငါးဦး၏ နာမည်တို့ကို ထုတ်ပြ၍၊ ဗုဒ္ဓအလိုကျ အေးသောအခါ, ပူသောအခါတို့၌ တံခါးဖွင့်နည်း, ပိတ်နည်းတို့ကို ဖြေဆိုကာ၊ မိဘတို့ ခွင့်မပြုအပ်သော သားကို ရှင်ရဟန်းပြုပေးပါက မည်သည့် အပြစ်သင့်ရောက်ပါသနည်း? ဖြေဆိုပါ။

၂-ဖြေ **ရဟန္တာဖြစ်ကြသော ပုဂ္ဂိုလ်ငါးဦးကား**= အညာသိကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိတို့ ဖြစ်ပါ သည်။ (မြန်-၂၂) **(၅-မှတ်)**

အေးသောအခါဖြစ်မူ နေ့အခါ၌ လေသွန်တံခါးတို့၌ကို ဖွင့်ရမည်၊ ညဥ့်အခါ၌ ပိတ်ထားရမည်။

ပူအိုက်သောအခါ၌ဖြစ်မူ နေ့အခါ၌ လေသွန်တံခါးတို့ကို ပိတ်ရမည်၊ ညဥ့်အခါ၌ ဖွင့်ထားရမည်။

(မြန်-၆၅) **(၄-မှတ်)**

**မိဘတို့ခွင့်မပြုအပ်သော သားကို ရှင်ရဟန်းပြုပေးပါက**= ဒုက္ကဋ်အာပတ်သင့်ပါသည်။ **(၁-မှတ်)**

---

၃။ ထင်စွာပြုခြင်းကြောင့် ထိုရဟန်းအား ချမ်းသာ၏ဟူရာ၌ ထိုရဟန်းအား အဘယ်သို့သော ချမ်းသာဖြစ်သနည်း? ဖြေဆို၍၊ ဥပုသ်မပြုမီ ရှေးဦးစွာပြုရမည့် (ပုဗ္ဗကရဏ) တရားလေးပါးကို ထုတ်ပြပါ။

၃။ ပဌမဈာန်ကို ရခြင်းငှာ ချမ်းသာ၏၊ ဒုတိယဈာန်ကို ရခြင်းငှာ ချမ်းသာ၏၊ တတိယဈာန်ကို ရခြင်းငှာ ချမ်း သာ၏၊ စတုတ္ထဈာန်ကို ရခြင်းငှာ ချမ်းသာ၏၊ ဈာန် မဂ် သမာဓိ သမာပတ် နေက္ခမ္မ ပဝိဝေက-ဟု ဆိုအပ် သော ကုသိုလ်တရားတို့ကို ရခြင်းငှာ ချမ်းသာ၏။ (မြန်-၁၄၇) **(၅-မှတ်)**

**ဥပုသ်မပြုမီ ရှေးဦးစွာပြုရမည့် (ပုဗ္ဗကရဏ) တရားလေးပါးကား**=ဥပုသ်အိမ်ကို တံမြက်လှည်းခြင်း၊ ဥပုသ်အိမ်၌ နေရာခင်းခြင်း၊ ဥပုသ်အိမ်၌ ဆီမီးညှိထွန်းခြင်း၊ သောက်ရေ သုံးဆောင်ရေ တည်ထားခြင်း တို့ ဖြစ်ပါသည်။ (မြန်-၁၆၂-၃) **(၅-မှတ်)**

၄။ ဝါကပ်ခြင်းနှစ်မျိုးကို ဖော်ပြပြီး၊ သာဝတ္ထိပြည်၌ သံဃာသည် အဘယ်သို့သော ကတိကဝတ်ကို ပြုထားပါ သနည်း? ဖြေဆို၍၊ ယင်းကတိကဝတ်နှင့်စပ်လျဉ်း၍ မိဂါရမာတာမည်သော ဝိသာခါ၏ ကဲ့ရဲ့ရှုတ်ချပုံကို ဖြေဆိုကာ၊ ဝဿူပနာယိကက္ခန္ဓကလာ ဝတ္ထုပေါင်း မည်မျှရှိသည်ကိုလည်း သင်္ချာမျှ ထုတ်ပြပါ။

၄-ဖြေ **ဝါကပ်ခြင်းနှစ်မျိုး**=ပုရိမဝါကပ်ခြင်း၊ ပစ္ဆိမဝါကပ်ခြင်းတို့ ဖြစ်ပါသည်။ (မြန်-၁၉၃) **(၂-မှတ်)**

သာဝတ္ထိပြည် သံဃာသည် ''ဝါတွင်း၌ ရှင်ရဟန်း မပြုအပ်''ဟု ဤသို့ သဘောရှိသော ကတိကဝတ်ကို ပြု၏။ (မြန်-၂၁၁) **(၂-မှတ်)**

မိဂါရမာတာမည်သော ဝိသာခါသည် ''အဘယ့်ကြောင့် အသျှင်တို့သည် 'ဝါတွင်း၌ ရှင်ရဟန်း မပြုအပ်'ဟု ဤသို့ သဘောရှိသော ကတိကဝတ်ကို ပြုတုန်ဘိသနည်း၊ အဘယ်ကာလ၌ တရားကို မကျင့်အပ်သနည်း'' ဟု ကဲ့ရဲ့ရှုတ်ချ၏။ (မြန်-၂၁၁) **(၄-မှတ်)**

**ဝဿူပနာယိကက္ခန္ဓကလာ ဝတ္ထုပေါင်း** = ၅၂-ဝတ္ထု ရှိပါသည်။ **(၂-မှတ်)**

---

၅။ ပဝါရဏာနှစ်ပါးနှင့် ပဝါရဏာကံလေးပါးတို့ကို ဖြေဆို၍၊ မြတ်စွာဘုရားခွင့်ပြုတော်မူအပ်သော ပဝါရဏာ ကံကိုလည်း ဖော်ပြကာ၊ ပဝါရဏာပေးသင့်သော ပုဂ္ဂိုလ်ကိုလည်း ဖြေဆိုပါ။

၅-ဖြေ **ပဝါရဏာနှစ်ပါးကား** = စာတုဒ္ဒသီပဝါရဏာ၊ ပန္နရသီပဝါရဏာဟူ၍ နှစ်ပါးရှိကုန်၏။ (မြန်-၂၂၃) **(၂-မှတ်)**

**ပဝါရဏာကံလေးပါးကား=**

၁။ တရားနှင့် မလျော်၍ ဝဂ်ဖြစ်သော 'အစုကွဲသော' ပဝါရဏာကံ

၂။ တရားနှင့် မလျော်၍ ညီညွတ်သော ပဝါရဏာကံ

၃။ တရားနှင့် လျော်၍ ဝဂ်ဖြစ်သော 'အစုကွဲသော' ပဝါရဏာကံ

၄။ တရားနှင့် လျော်၍ ညီညွတ်သော ပဝါရဏာကံ-တို့ ဖြစ်ပါသည်။ **(၄-မှတ်)**

**မြတ်စွာဘုရား ခွင့်ပြုတော်မူအပ်သော ပဝါရဏာကံကား**= ထိုလေးပါးသော ပဝါရဏာကံတို့တွင် တရားနှင့် လျော်၍ ညီညွတ်သော ပဝါရဏာကံကိုသာ ပြုရမည်၊ ဤသို့သဘောရှိသော ပဝါရဏာကံ ကိုသာ ခွင့်ပြု၏။ (မြန်-၂၂၄) **(၂-မှတ်)**

**ပဝါရဏာပေးသင့်သော ပုဂ္ဂိုလ်ကား=** ဂိလာနဖြစ်သော ရဟန်း ဖြစ်ပါသည်။ **(၂-မှတ်)**

---

၆။ မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းကြီး၏ ရှစ်သောင်းသော ရွာသားတို့အား တိုက်တွန်းချက်ကို ဖော်ပြ၍၊ ဖိနပ်၌ မအပ်သော အရေတို့ကို ထုတ်ပြပါ။

၆-ဖြေ "အချင်းတို့ ပစ္စုပ္ပန်ဘဝ၌ ခံစားအပ်သော အကျိုးစီးပွား၌ ငါသည် သင်တို့ကို ဆုံးမအပ်ကုန်ပြီ၊ သွားကုန်လော့၊ ထိုမြတ်စွာဘုရားကို ဆည်းကပ်ကုန်လော့၊ ထိုငါတို့၏ မြတ်စွာဘုရားသည် တမလွန်ဘဝ၌ဖြစ်သော အကျိုးစီးပွား၌ ဆုံးမလတ္တံ့."ဟု ဆို၍ လွှတ်လိုက်၏။ **(၄-မှတ်)**

**ဖိနပ်၌ မအပ်သော သားရေတို့ကား**= ခြင်္သေ့ရေ၊ ကျားရေ၊ သစ်ရေ၊ သစ်နက်ရေ၊ ဖျံရေ၊ ကြောင်ရေ၊ ရှဉ့်ရေ၊ ရှူးရေ-တို့ ဖြစ်ပါသည်။ (မြန်-၂၇၃) **(၆-မှတ်)**

---

၇။ ဝမ်းဗိုက်လေနာရောဂါပျောက်ဆေးကို ဖော်ပြ၍၊ သုပ္ပိယာဥပါသိကာမ၏ ဂုဏ်ရည်တို့ကို ထုတ်ပြပြီး၊ သံသရာလည်ရခြင်းအကြောင်းတရားများကိုလည်း ဖြေဆိုပါ။

၇-ဖြေ **ဝမ်းဗိုက်လေနာရောဂါပျောက်ဆေးကား=** လောဏသောဝီရကအဖျော်ရည် ဖြစ်ပါသည်။

(မြန်-၃၀၄) **(၂-မှတ်)**

သုပ္ပိယာဥပါသိကာမ၏ ဂုဏ်ရည်တို့ကား= (ရတနာသုံးပါးကို) ကြည်ညို၏၊ (ပစ္စည်းလေးပါးကို) လှူ၏၊ (သံဃာတို့၏ အမှုခပ်သိမ်းကို) ပြု၏၊ သံဃာကို လုပ်ကျွေး၏။ (မြန်-၃၁၁) **(၄-မှတ်)**

**သံသရာလည်ရခြင်းအကြောင်းတရားများကား=**

၁။ ဒုက္ခအရိယသစ္စာကို လျော်ကန်စွာ မသိခြင်း

၂။ ဒုက္ခသမုဒယသစ္စာကို လျော်ကန်စွာ မသိခြင်း

၃။ ဒုက္ခနိရောဓသစ္စာကို လျော်ကန်စွာ မသိခြင်း

၄။ ဒုက္ခနိရောဓဂါမိနီအရိယသစ္စာကို လျော်ကန်စွာ မသိခြင်းတို့ ဖြစ်ပါသည်။(မြန်-၃၂၇) **(၄-မှတ်)**

---

၈။ ချမ်းသာစွာနေခြင်းငါးပါး (ဖာသုဝိဟာရပဉ္စက)လာ နိဗ္ဗာနန္တိကကထိန်နုတ်ခြင်းဖြစ်ပုံကို ရေးသားဖြေဆို၍၊ အဘယ်သို့လျှင် သင်္ကန်းဟူသော အပလိဗောဓဖြစ်သနည်း? ဖြေဆိုပါ။

၈-ဖြေ **နိဗ္ဗာနန္တိကကထိန်နုတ်ခြင်းဖြစ်ပုံကား=** ရဟန်းသည် ကထိန်ခင်းအပ်ပြီးသည်ရှိသော် ချမ်းသာစွာ နေလိုသည်ဖြစ်၍ သင်္ကန်းကို ယူပြီးလျှင် ''ဤမည်သော ကျောင်းသို့ သွားအံ့၊ ထိုကျောင်း၌ ငါ့အား ချမ်းသာခြင်းဖြစ်လျှင် နေအံ့၊ အကယ်၍ ငါ့အား ချမ်းသာခြင်းမဖြစ်လျှင် ဤမည်သော ကျောင်းသို့ သွားအံ့၊ ထိုကျောင်း၌ ငါ့အား ချမ်းသာခြင်းဖြစ်လျှင် နေအံ့၊ အကယ်၍ ငါ့အား ချမ်းသာခြင်း မဖြစ်လျှင် ဤမည်သော ကျောင်းသို့ သွားအံ့၊ ထိုကျောင်း၌ ငါ့အား ချမ်းသာခြင်းဖြစ်လျှင် နေအံ့၊ အကယ်၍ ငါ့အား ချမ်းသာ ခြင်း မဖြစ်လျှင် ပြန်လာအံ့"ဟု ဖဲသွား၏၊ သိမ်အပသို့ ရောက်ပြီးသော ထိုရဟန်းအား 'ဤကျောင်း၌သာလျှင် ဤသင်္ကန်းကို ချုပ်အံ့၊ မပြန်တော့အံ့"ဟု အကြံဖြစ်၏၊ ထိုရဟန်းသည် ထိုသင်္ကန်းကို ချုပ်စေအံ့၊ နိဗ္ဗာနန္တိက ကထိန်နုတ်ခြင်းမည်၏။ (မြန်-၃၇၄,၅) **(၆-မှတ်)**

**သင်္ကန်းဟူသော အပလိဗောဓဖြစ်ပုံ**=ရဟန်းတို့ ရဟန်းအား သင်္ကန်းသည် ချုပ်၍ပြီးသည်မူလည်း ဖြစ်၏၊ ပျောက်သည်မူလည်း ပျက်သည်မူလည်း မီးလောင်သည်မူလည်း ဖြစ်၏၊ သင်္ကန်းရလိုခြင်းသည်မူလည်း ပြတ်စဲ၏၊ ရဟန်းတို့ ဤသို့လျှင် သင်္ကန်းဟူသော အပလိဗောဓ ဖြစ်၏။ (မြန်-၃၇၆) **(၄-မှတ်)**

---

၉။ ပညာရှိ အရှင်အာနန္ဒာမထေရ် ကိုယ်တိုင်စီမံပြုလုပ်အပ်သော သင်္ကန်း၌ပါဝင်သော အခန်းကိုးခန်းကို ထုတ် ပြ၍၊ သင်္ကန်းများကို ဓားခွဲ/ဓားဖြတ်ပြုလုပ်ရခြင်းအကြောင်းတို့ကို ဖြေဆိုပါ။

၉-အဖြေ

**အရှင်အာနန္ဒာမထေရ်ကိုယ်တိုင် စီမံပြုလုပ်အပ်သော သင်္ကန်း၌ ပါဝင်သော အခန်းကိုးခန်းကား=**

၁။ အနားပတ် တလုပ်မြောင်းရှည် ၂။ တလုပ်မြောင်းငယ် ၃။ အိမ်ဝန်းကြီး ၄။ အိမ်ခွဲ ၅။ အလယ်ခေါင် ၆။ ခေါင်ရံ ၇။ လည်ထိရာ၌ခံသော အနားပတ် ၈။ မြင်းခေါင်းထိရာ၌ခံသော အနားပတ် ၉။ လက်လိပ်-တို့ ဖြစ်ပါသည်။ (မြန်-၄၀၄) **(၆-မှတ်)**

**သင်္ကန်းများကို ဓားခွဲ/ဓားဖြတ်ပြုလုပ်ရခြင်းအကြောင်းတို့ကား=** ဖြတ်ခြင်း၊ ဓားဖြင့်ခေါင်းပါးခြင်း၊ ရဟန်း တို့အား လျောက်ပတ်ခြင်း၊ ရန်သူတို့ အလိုမရှိခြင်း-တို့ ဖြစ်ပါသည်။ (မြန်-၄၀၄) **(၄-မှတ်)**

---

၁၀။ မြတ်စွာဘုရား၏ သာသနာတော်၌ ကြီးပွားကြောင်းတရားနှစ်ပါးကို ဖော်ပြ၍၊ ဒီဃာဝုမင်းသားအား ဖခင် ဒီဃီတိကောသလမင်းကြီး မသေခင် နောက်ဆုံးမှာကြားခဲ့သောစကားနှင့် အကျွမ်းဝင်ကြောင်း တရားငါးပါး ကို ဖြေဆိုပါ။

၁၀-အဖြေ

**မြတ်စွာဘုရား၏ သာသနာတော်၌ ကြီးပွားကြောင်းတရားနှစ်ပါးကား=** သာသနာတော်၌ ရဟန်းသည်

၁။ အပြစ်ကို အပြစ်အားဖြင့် မြင်၍ တရားနှင့်လျော်စွာ ကုစား၏၊

၂။ နောင်အခါ၌လည်း စောင့်စည်း၏၊ ဤ ကုစား, စောင့်စည်းခြင်းသည် ဘုရားအဆုံးအမ၌ ကြီးပွား ကြောင်းသာလျှင် ဖြစ်၏။ (မြန်-၄၃၉) **(၂-မှတ်)**

**ဒီဃာဝုမင်းသားအား ဖခင်ဒီဃီတိကောသလမင်းကြီး မသေခင် နောက်ဆုံးမှာကြားခဲ့သော စကားကား**

ဒီဃီတိမည်သော ကောသလမင်းသည် "ချစ်သား ဒီဃာဝု သင်သည် အရှည်ကို မကြည့်လင့်၊ အတိုကို လည်း မကြည့်လင့်၊ ချစ်သားဒီဃာဝု ရန်တုန့်မှုသဖြင့် ရန်တို့သည် မငြိမ်းကုန်၊ ချစ်သားဒီဃာဝု ရန်တုန့် မမူ မှသာလျှင် ရန်တို့သည် ငြိမ်းကုန်၏"ဟု မှာကြားခဲ့ပါသည်။ (မြန်-၄၉၇) **(၄-မှတ်)**

**အကျွမ်းဝင်ကြောင်းတရားငါးပါးကား=**

၁။ ရှေ့ဦးစွာ ထလေ့ရှိ၏၊

၂။ နောက်မှ အိပ်လေ့ရှိ၏၊

၃။ အဘယ်အမှုကို ပြုရပါအံ့နည်းဟု နာခံလျက် နေလေ့ရှိ၏၊

၄။ နှစ်လိုဖွယ်ကို ပြုလေ့ရှိ၏၊

၅။ ချစ်ခင် ဖွယ်ကို ပြောလေ့ရှိ၏။ (မြန်-၄၉၈) **(၄-မှတ်)**

---

ပိဋကတ္တယမာမကအသင်းက ကြီးမှူးကျင်းပသော

ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

**အုပ်စု (၁) ဝိနယပိဋက**

**စူဠဝါပါဠိတော် မြန်မာပြန် မေးခွန်း နှင့် အဖြေ**

၁၃၈၅-ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၉-ရက်၊ (၁၁-၇-၂၀၂၂) အင်္ဂါနေ့

---

၁။ ပဋိသာရဏီယကံကို ပြုလိုက ပြုနိုင်သောကံတို့တွင် ၄-ခုမြောက်တရားအစုတို့ကို ဖြေဆိုကာ မာနတ်ကျင့်ဆဲ ရဟန်း၏ ပြောကြားရမည့် ကျင့်ဝတ်တို့ကိုလည်း ဖြေဆိုပါ။

၁-ဖြေ **၄-ခုမြောက်တရားအစု**

ရဟန်းတမျိုးသည်လူတို့အားမြတ်စွာဘုရား၏ကျေးဇူးမဲ့ကိုပြောဆို၏၊တရားတော်၏ကျေးဇူးမဲ့ကို ပြောဆို၏၊ သံဃာတော်၏ ကျေးဇူးမဲ့ကို ပြောဆို၏၊ ရဟန်းတစ်မျိုးသည် လူကို ယုတ်မာသော စကားဖြင့် ဆဲရေး၏၊ ရှုတ်ချ၏၊ ရဟန်းတစ်မျိုးသည် တရားနှင့်လျော်သော ဝန်ခံချက်ကို ချွတ်ယွင်းစေ၏။

**မာနတ်ကျင့်ဆဲ ရဟန်း၏ ပြောကြားရမည့် ကျင့်ဝတ်**

မာနတ်ကျင့်ဆဲရဟန်းသည် အာဂန္တုဖြစ်၍လည်း ပြောကြားရမည်၊ အာဂန္တုကရဟန်းအား ပြောကြားရမည်၊ ဥပုသ်နေ့၌ ပြောကြားရမည်၊ ပဝါရဏာနေ့၌ ပြောကြားရမည်၊ နေ့တိုင်း နေ့တိုင်း ပြောကြားရမည်၊ မကျန်းမာသူဖြစ်လျှင် တမန်ဖြင့် ပြောကြားရမည်။

---

၂။ သုဒ္ဓန္တပရိဝါသ်ပေးထိုက်သော ရဟန်းအား ငါးခုမြောက်ပေးနည်းကို ဖြေဆို၍ မာနတ်ကျင့်စဉ် နှင်ထုတ်ခံရသောရဟန်း၏ ယင်းအဖြစ်မှ လွတ်မြောက်နိုင်ရန် အဆုံးအဖြတ်နည်းလမ်းတစ်ခုကို ညွှန်ပြပါ။

၂-ဖြေ **ငါးခုမြောက်ပေးနည်း**

အာပတ်အပိုင်းအခြားကိုသိ၏၊ ညဥ့်အပိုင်းအခြားကို အချို့ကို သိ၏၊ အချို့ကို မသိ။

အာပတ်အပိုင်းအခြားကို သတိရ၏။ ညဥ့်အပိုင်းအခြားကို အချို့ကို သတိရ၏၊ အချို့ကို သတိမရ။

အာပတ်အပိုင်းအခြား၌ ယုံမှား၏။ ညဥ့်အပိုင်းအခြားအချို့၌ ယုံမှားရှိ၏၊ အချို့၌ ယုံမှား မရှိ။

သုဒ္ဓန္တပရိဝါသ် ပေးရမည်။

**အဆုံးအဖြတ်နည်းလမ်းတစ်ခု-**

နှင်ထုတ်ခံရသောရဟန်းအားမာနတ်ကျင့်ခြင်းသည်မဖြစ်မြောက်။ထိုရဟန်းကိုတဖန်သွင်းငြားအံ့၊ထိုရှေးက ပေးပြီးဖြစ်သော ပရိဝါသ်သည်သာလျှင် ထိုရဟန်း၏ ပရိဝါသ် ဖြစ်၏၊ ပေးထားပြီးသော ပရိဝါသ်သည် ကောင်းစွာပေးထားပြီး ဖြစ်၏၊ နေအပ်ပြီးသော ပရိဝါသ်သည် ကောင်းစွာ နေအပ်ပြီး ဖြစ်၏၊ ပေးထားပြီး မာနတ်သည် ကောင်းစွာ ပေးထားပြီး ဖြစ်၏၊ ကျင့်အပ်ပြီးမာနတ်သည် ကောင်းစွာ ကျင့်အပ်ပြီး ဖြစ်၏၊ အကြွင်းမာနတ်ကို ဆက်လက် ကျင့်ရမည်။

၃။ မှားယွင်းသောအယူရှိလျက် ငြင်းခုံသောရဟန်း၏ ဆိုးကျိုးအဆက်ဆက်ဖြစ်တတ်ပုံကို ဖြေဆို၍ တဿပါပိယသိကာကံပြုနိုင်ရန် သိစေသောနည်းကိုလည်း ဖြေဆိုပါ။

၃-ဖြေ **ဆိုးကျိုးအဆက်ဆက်ဖြစ်တတ်ပုံ-**

ထိုရဟန်းသည်မြတ်စွာဘုရား၌လည်းကောင်း,တရားတော်၌လည်းကောင်း,သံဃာ၌လည်းကောင်း, အကျင့်သိက္ခာ၌ လည်းကောင်း ရိုသေလေးစားမှုမရှိဘဲ နေ၏။ ထိုသို့နေသောရဟန်းသည် သံဃာ၌ ငြင်းခုံခြင်းကို ဖြစ်စေ၏၊ ငြင်းခုံခြင်းသည် လူအများ အစီးအပွားမဲ့ခြင်းငှါ လူအများ မချမ်းသာခြင်းငှါ လူအများ အကျိုးမဲ့ခြင်းငှါ နတ်လူတို့ အစီးအပွားမဲ့ခြင်းငှါ ဆင်းရဲခြင်းငှါ ဖြစ်၏။

**တဿပါပိယသိကာကံပြုနိုင်ရန် သိစေသောနည်း-**

အရှင်ဘုရားတို့,သံဃာသည်အကျွန်ုပ်၏စကားကို နာတော်မူကုန်လော့၊ ဤမည်သောရဟန်းသည် သံဃာ့အလယ်၌ဂရုကအာပတ်ဖြင့်မေးမြန်းစစ်ဆေးအပ်သော်ပယ်ပြီးနောက်ဝန်ခံ၏၊ဝန်ခံပြီးနောက်ပယ်၏၊ စကားတမျိုးဖြင့် စကားတမျိုးကို ဖုံးလွှမ်း၏၊ သိလျက် ချွတ်ယွင်းသောစကားကို ပြော၏၊ သံဃာအား လျောက်ပတ်သော အခါရှိသောကံသည် အကယ်၍ ဖြစ်ငြားအံ့၊ သံဃာသည် ဤမည်သောရဟန်းအား တဿပါပိယသိကကံကို ပြုရာ၏။

---

၄။ 'ကားပေါင်'ကို ခွင့်ပြုတော်မူရခြင်းအကြောင်းကို ဖြေဆိုကာ ဘုရားရှင် ဝေသာလီမြို့သို့ ကြွတော်မူချိန် ဝေသာလီသို့ မရောက်မီ တားမြစ်တော်မူခဲ့သည့်အရာနှင့် ခွင့်ပြုတော်မူခဲ့သည့်အရာများကို ဖြေဆိုပါ။

၄-ဖြေ **'ကားပေါင်'ကို ခွင့်ပြုတော်မူရခြင်းအကြောင်း-**

ထိုအခါ ရဟန်းတို့သည် ထိုထိုအရပ်၌ ငုတ်ကို စိုက်၍ ချည်ပြီးလျှင် သင်္ကန်းကို ချုပ်ကုန်၏၊ သင်္ကန်းသည် အနားထောင့် မညီ၊ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြသောအခါ ခွင့်ပြုတော်မူ၏။

**တားမြစ်တော်မူခဲ့သည့်အရာများ-**

ဆေးအိတ်၊ဆေးအိတ်ပခုံးလွယ်စရာ၊ဆေးအိတ်ဖွဲ့ချည်ကြိုး၊ဖိနပ်အိတ်၊ဖိနပ်အိတ်ပခုံးလွယ်စရာ၊ ဖိနပ်အိတ်ဖွဲ့ချည်ကြိုး ရေစစ်၊ ဒုတ်ချောင်းရေစစ်၊ ရေစစ်နှင့်ဓမ္မကရိုဏ်းမရှိလျှင် သင်္ကန်းကြီး၏အနားကို ရေစစ်ပြုလုပ်၍ သောက်ခြင်းတို့ကို ခွင့်ပြုတော်မူ၏။

**ခွင့်ပြုတော်မူခဲ့သည့်အရာ-**

ခရီးရှည်သွားသောရဟန်းသည်ရေစစ်ကိုတောင်းအပ်သော်မပေးမှုကိုတားမြစ်၏။ရေစစ်မပါဘဲခရီးရှည် သွားမှုကို တားမြစ်၏။

---

၅။ ဘဂ္ဂတိုင်းသို့ ကြွတော်မူစဉ် ဘုရားရှင် တားမြစ်တော်မူခဲ့သည့်အရာ, ခွင့်ပြုတော်မူခဲ့သည့်အရာများကို ဖြေဆို၍ ဝိသာခါ ကပ်လှူသော ပစ္စည်းတို့တွင် ခွင့်ပြုသည့်အရာ, ခွင့်မပြုသည့်အရာတို့ကိုလည်း ခွဲခြားပြကာ ရဟန်းတို့အား အပ်စပ်သော ပန်းချီဆွဲခြင်း, မအပ်စပ်သောပန်းချီဆွဲခြင်းတို့ကို ဖြေဆိုပါ။

၅-ဖြေ **တားမြစ်တော်မူခဲ့သည့်အရာ–**

ပုဆိုးဖြူအခင်းကို မနင်းအပ်ဟု တားမြစ်တော်မူ၏။

**ခွင့်ပြုတော်မူခဲ့သည့်အရာများ–**

လူတို့၏မင်္ဂလာအကျိုးငှာတောင်းပန်အပ်သောရဟန်းသည်ပုဆိုးဖြူအခင်းကိုနင်းအပ်၏ဟုခွင့်ပြုတော်မူ၏။ ဆေးအပ်ပြီးသောခြေတို့ဖြင့် နင်းဖို့ရန်အခင်းကို နင်းခြင်းငှါ ခွင့်ပြုတော်မူ၏။

**ဝိသာခါ ကပ်လှူသော ပစ္စည်းတို့တွင် ခွင့်ပြုသည့်အရာ–**

ရေအိုး၊ တံမြက်စည်း၊ လေးထောင့်ယပ်၊ ထန်းရွက်ယပ်တို့ကို ခွင့်ပြုတော်မူ၏။

**ခွင့်မပြုသည့်အရာ–**

ကြာချပ်သဏ္ဌာန်ဆူးထနေသော ခြေပွတ်ကို ခွင့်မပြု။

**ရဟန်းတို့၏ အပ်စပ်သော ပန်းချီဆွဲခြင်း, မအပ်စပ်သောပန်းချီဆွဲခြင်း–**

မိန်းမရုပ်ယောကျ်ားရုပ်ဟူသောဆန်းကြယ်သောပန်းချီဆေးရေးကို တားမြစ်၏။

ခြူးပန်း၊ နွယ်ပန်း၊ မကရ်းသွား၊ သက်တင်ရေးတို့ကို ခွင့်ပြုတော်မူ၏။

---

၆။ ဘုရားရှင်နှင့် ပထမဆုံးအကြိမ်တွေ့ဆုံရာ၌ အနာထပိဏ်သူဌေး နောက်ဆုံးပြောခဲ့သော စကားရပ်ကို ဖြေဆိုကာ သေနာသနက္ခန္ဓက၌ မြတ်စွာဘုရား ရာဇဂြိုဟ်မြို့မှ ကြွသွားတော်မူရာအရပ်, ယင်းအရပ်၌ ဘုရားရှင် ခွင့်ပြုတော်မူချက်ကို ဖြေဆိုပါ။

၆-ဖြေ **အနာထပိဏ်သူဌေး နောက်ဆုံးပြောခဲ့သော စကားရပ်–**

''အရှင်ဘုရား အလွန်နှစ်သက်ဖွယ်ရှိပါပေ၏၊ အရှင်ဘုရား အလွန်နှစ်သက်ဖွယ်ရှိပါပေ၏၊ အရှင်ဘုရား ဥပမာသော်ကား မှောက်ထားသည်ကို လှန်ဘိသကဲ့သို့လည်းကောင်း၊ ဖုံးလွှမ်းထားသည်ကို ဖွင့်လှစ် ဘိသကဲ့သို့လည်းကောင်း၊ မျက်စိလည်သောသူအား လမ်းမှန်ကို ပြောကြားဘိသကဲ့သို့ လည်းကောင်း'မျက်စိအမြင်ရှိသောသူတို့သည် အဆင်းတို့ကို မြင်ကြလိမ့်မည်'ဟု အမိုက်မှောင်၌ ဆီမီး တန်ဆောင်ကို ဆောင်ပြဘိသကဲ့သို့လည်းကောင်း အရှင်ဘုရား ဤအတူသာလျှင် အရှင်ဘုရားသည် များစွာသော အကြောင်းတို့ဖြင့် တရားတော်ကို ပြတော်မူပါပေ၏၊

အရှင်ဘုရားအကျွနု်ပ်သည်မြတ်စွာဘုရားကိုလည်းကိုးကွယ်ရာဟူ၍ဆည်းကပ်ပါ၏၊တရားတော်ကိုလည်း ကိုးကွယ်ရာ ဟူ၍ဆည်းကပ်ပါ၏၊ သံဃာတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ မြတ်စွာဘုရားသည် အကျွနု်ပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံးကိုးကွယ်ဆည်းကပ်သော ဥပါသကာဟု မှတ်တော်မူပါ။ မြတ်စွာဘုရားသည် ရဟန်းသံဃာနှင့်အတူ နက်ဖြန်အဖို့ အကျွန်ုပ်၏ ဆွမ်းကို လက်ခံတော်မူပါ''။

**ရာဇဂြိုဟ်မြို့မှ ကြွတော်မူရာအရပ်–** ဝေသာလီမြို့သို့ ကြွတော်မူ၏။

**ယင်းအရပ်၌ ဘုရားရှင် ခွင့်ပြုတော်မူချက်–**

အမှုသစ်ကို ပေးရန် ခွင့်ပြုတော်မူ၏၊ အမှုသစ်ဆောင်ရွက်သောရဟန်းသည် ကျောင်းသည် အဘယ်သို့ လျင်စွာပြီးခြင်းသို့ ရောက်ရာသနည်းဟု ကြောင့်ကြခြင်းသို့ ရောက်လတ္တံ့။ ကျိုးရာပျက်ရာနေရာကို ပြုပြင်လတ္တံ့ နှလုံးသွင်း၍ ပေးရန် ခွင့်ပြုတော်မူ၏။

၇။ ကောသလမင်း၏အဖွား ကွယ်လွန်ရာမှ ရရှိလာသောပစ္စည်းများကို ရဟန်းတို့အတွက် အပ်စပ်အောင် ပြုလုပ်နည်းကို ဖြေဆို၍ အဘယ်သို့ပြုလျှင် သံဃာ၏ ညီညွတ်ခြင်းကို ပြုရာရောက်သည်ကို အကျဉ်း ချုပ်၍ ဖြေဆိုကာ သွေးဖြစ်အောင်ပြုရာအခန်း၌ ဘုရားရှင်က ရဟန်းတို့အား နောက်ဆုံး မိန့်မှာသည့် စကားကိုလည်း ဖြေဆိုပါ။

၇-ဖြေ **ရဟန်းတို့အတွက် အပ်စပ်အောင်ပြုလုပ်နည်း-**

ညောင်စောင်း၏ခြေတို့ကိုဖြတ်၍ပလ္လင်၏သားရဲရုပ်တို့ကိုဖျက်ဆီး၍သုံးဆောင်ခြင်း၊ လဲသွတ် အခင်းကိုဖြေ၍ ခေါင်းအုံးလုပ်ခြင်း၊ ကြွင်းသောအခင်းကို မြေအခင်းပြုလုပ်ခြင်း။

**သံဃာ၏ ညီညွတ်ခြင်းကို ပြုရာရောက်ပုံ-**

ထိုရဟန်းတို့သည် ဤ၀တ္ထုတစ်ဆယ့်ရှစ်မျိုးတို့ဖြင့် မဆွဲငင်ကုန်၊ အယုတ်အားဖြင့် မဆွဲငင်ကုန်၊ အသီးအခြားဥပုသ်မပြုကုန်၊အသီးအခြားပ၀ါရဏာမပြုကုန်၊အသီးအခြားသံဃာ့ကံမပြုကုန်။ဤသို့ပြု လျှင် ညီညွတ်၏။

**သွေးဖြစ်အောင်ပြုရာအခန်း၌ ဘုရားရှင်မှ ရဟန်းတို့အား နောက်ဆုံးမိန့်မှာသည့် စကား-**

''ရဟန်းတို့ မြတ်စွာဘုရားတို့သည် သူတပါးက လုံ့လမပြုရဘဲ ပရိနိဗ္ဗာန်ပြုကုန်၏၊ ရဟန်းတို့ သင်တို့သည် နေမြဲကျောင်းသို့ သွားကုန်လော့၊ ရဟန်းတို့ မြတ်စွာဘုရားတို့ကို မစောင့်အပ်ကုန်''ဟု မိန့် တော်မူ၏။

---

၈။ ၀တ္တက္ခန္ဓကလာ မပြုလိုက မပြုဘဲ နေနိုင်သည့် ကျင့်၀တ်တို့ကို ဖြေဆိုပါ။

၈-ဖြေ **၀တ္တက္ခန္ဓကလာ မပြုလိုက မပြုဘဲ နေနိုင်သည့် ကျင့်၀တ်-**

အာဂန္တုရဟန်းကြီး၏ ဖိနပ်ကို သုတ်ပေးခြင်း၊
ခရီးသွားရဟန်းသည် ကျောင်းမိုးစိုနေလျှင် အမိုး မိုးခြင်း၊
အိပ်ရာနေရာကို ရှာသို့ဆောင်ခြင်း၊
ဇရုံးအိမ်၌ မထေရ်တို့အား ကြေးပွတ်ပေးခြင်း၊
ရေ၌ မထေရ်ကြီးတို့အား ကြေးပွတ်ပေးခြင်း၊
ဥပဇ္ဈာယ်ဆရာအတွက် ဇရုံးအိမ်သို့ ၀င်ခြင်း၊
ဥပဇ္ဈာယ်ဆရာ နေသောကျောင်း၌ အမိုက်ရှင်းခြင်း၊
အတူနေတပည့်အတွက် ဇရုံးအိမ်သို့ ၀င်ခြင်း၊ အတူနေတပည့်နေသောကျောင်း၌ အမိုက်ရှင်းခြင်း၊
ဆရာအတွက်ဇရုံးအိမ်သို့ ၀င်ခြင်း၊
ဆရာနေသောကျောင်း၌ အမိုက်ရှင်းခြင်း၊
အနီးနေတပည့်အတွက် ဇရုံးအိမ်သို့ ၀င်ခြင်း၊
အနီးနေတပည့်နေသောကျောင်း၌ အမိုက်ရှင်းခြင်း။

---

၉။ အဘယ်တရားတို့ကို မိမိစိတ်၌ ထား၍ သူတစ်ပါးကို စောဒနာသင့်သည်ကို ဖြေဆိုကာ ဘိက္ခုနီမတို့၏ နံရိုးကို ညွတ်အောင် ပြုလုပ်သည့်အရာများကိုလည်း ဖြေဆိုပါ။

၉-ဖြေ **သူတစ်ပါးကို စောဒနာလျှင် မိမိစိတ်၌ ထားသင့်သောတရားများ-**

သနားခြင်း၊အကျိုးစီးပွားကိုရှာခြင်း၊စောင့်ရှောက်ခြင်း၊အာပတ်မှထစေခြင်း၊ဝိနည်းကိုရှေ့သွားပြုခြင်း တို့ကို မိမိ၌ ဖြစ်စေရမည်။

**ဘိက္ခုနီမတို့၏ နံရိုးကို ညွတ်အောင် ပြုလုပ်သည့်အရာများ-**

နီးဖြင့်ပြုအပ်သောအပြား၊သားရေပြား၊ဖြူသောအဝတ်ပြား၊အထပ်ထပ်ပြုအပ်သောဖြူသောအဝတ်ပြား၊ ဖြူသောအဝတ်လုံး၊ ဖန်ရည်ဆိုးအပ်သောအဝတ်ပြား၊ ဖန်ရည်ဆိုးအပ်သော အထပ်ထပ်ပြုအပ်သော အဝတ်ပြား၊ဖန်ရည်ဆိုးအပ်သော အဝတ်လုံး၊ ချည်မျှင်အခေါင်း(ချည်လုံး)၊ ချည်ကျစ်။

---

၁၀။ ဝဇ္ဇီပုတ္တကရဟန်းတို့၏ ဝတ္ထုဆယ်ပါးတို့တွင် 'လုံးလုံးမအပ်'ဟု ဆုံးဖြတ်သောဝတ္ထုတို့ကို ဆုံးဖြတ်သော အရပ်, သိက္ခာပုဒ်နှင့် တွဲစပ်ဖြေဆိုပါ။

၁၀-ဖြေ

သိင်္ဂိလောဏကပ္ပေါ် = သာဝတ္ထိပြည် ပါတိမောက်ကို ဝေဖန်ရာ ပဒဘာဇနီ၌ ပယ်တော်မူ၏

ဒွင်္ဂုလကပ္ပေါ် = ရာဇဂြိုဟ်ပြည် ပါတိမောက်ကို ဝေဖန်ရာပဒဘာဇနီ

ဂါမန္တရကပ္ပေါ် = သာဝတ္ထိပြည် ပါတိမောက်ကို ဝေဖန်ရာ ပဒဘာဇနီ

အာဝါသကပ္ပေါ် = ရာဇဂြိုဟ်ပြည် ဥပေါသထက္ခန္ဓက

အနုမတိကပ္ပေါ် = စမ္ပေယျက္ခန္ဓက ဝိနယဝတ္ထု

အမထိတကပ္ပေါ် = သာဝတ္ထိပြည် ပါတိမောက်ကို ဝေဖန်ရာ ပဒဘာဇနီ

ဇဠောဂိံ = ကောသမ္ဗီပြည် ပါတိမောက်ကို ဝေဖန်ရာ ပဒဘာဇနီ

အဒသကံ = သာဝတ္ထိပြည် ပါတိမောက်ကို ဝေဖန်ရာ ပဒဘာဇနီ

ဇာတရူပရဇတံ = ရာဇဂြိုဟ်ပြည် ပါတိမောက်ကို ဝေဖန်ရာ ပဒဘာဇနီ

---

# အုပ်စု (၁) ဝိနယပိဋက
# ပရိဝါပါဠိတော် မြန်မာပြန်မေးခွန်း နှင့် အဖြေ

**၁၃၈၅-ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၀-ရက်၊ (၁၂-၇-၂၀၂၂) ဗုဒ္ဓဟူးနေ့**

===

၁။ ဇမ္ဗူဒိပ်ကျွန်း၌ အဘယ်မည်သော ရဟန္တာတို့သည် ဝိနည်းပိဋကတ်ကို ပို့ချတော်မူကြကုန်သနည်း? ဖြေဆို၍၊ ရဟန်းတို့၏ နိဿဂ္ဂိပါစိတ်သုံးဆယ်တွင် (၆)ခုမြောက်ပညတ်အပ်သော အာပတ်ကို အဘယ်အရပ်၌ အဘယ်သူကို အကြောင်းပြု၍ အဘယ်အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသနည်း? ဖြေဆိုပါ။

၁-ဖြေ ရဟန္တာအရှင်မြတ်များ

၁။ ဥပါလိမထေရ်၊ ၂။ ဒါသကမထေရ်၊ ၃။ သောဏကမထေရ်၊ ၄။ သိဂ္ဂဝမထေရ်၊ ၅။ မောဂ္ဂလိပုတ္တတိဿမထေရ်၊ ဝိ၊ ၅။ မြန်၊ ၄။ ( တစ်မှတ်စီ ပေါင်း၊ ၅-မှတ်)

သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်ပါသည်။ (ဝိ၊၅။ မြန်၊ ၂၄) (၁-မှတ်)

သာကီဝင်မင်းသား အသျှင်ဥပနန္ဒကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။ (ဝိ ၅၊ မြန်၊ ၂၅) (၂-မှတ်)

သာကီဝင်မင်းသား အသျှင်ဥပနန္ဒ၏ အဆွေအမျိုးမတော်သော သူဌေးသားကို သင်္ကန်းတောင်းခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်ပါသည်။ (ဝိ၊ ၅။ မြန်၊ ၂၅) (၂-မှတ်)

---

၂။ (က) သေအရက်ကို သောက်သော ရဟန်း (ခ)သေစေလိုသောစေတနာဖြင့် သတ္တဝါကို သတ်သောရဟန်း (ဂ) မာတုဂါမနှင့် အတူတကွ တိုင်ပင်၍ ခရီးသွားသော ရဟန်းတို့အား သင့်ရောက်သော အာပတ်တို့ကို သင့်ရောက်ပုံနှင့်တကွ ဖြေဆိုခဲ့ပါ။

၂-ဖြေ **(က) သင့်ရောက်သောအာပတ်နှင့် သင့်ရောက်ပုံ-**

သောက်အံ့ဟု ခံယူအံ့၊ ဒုက္ကဋ်အာပတ်သို့ ရောက်၏။

မျိုတိုင်း မျိုတိုင်း ပါစိတ်အာပတ်သို့ ရောက်၏။ (ဝိ၊၅။ မြန်။ ၁၀၃) (၂-မှတ်)

(ခ) **သင့်ရောက်သောအာပတ်နှင့် သင့်ရောက်ပုံ-**

''တစ်စုံတစ်ယောက်သော သူသည် ကျ၍ သေလတ္တံ့''ဟု (ကြံ၍) မရည်ရွယ်မူ၍ တွင်းကို တူးအံ့၊ ဒုက္ကဋ်အာပတ်သို့ ရောက်၏။

လူသည် ထိုတွင်း၌ ကျ၍ သေအံ့၊ ပါရာဇိကအာပတ်သို့ ရောက်၏။

ဘီလူးသည်လည်းကောင်း၊ ပြိတ္တာသည်လည်းကောင်း၊ လူယောင်ဖန်ဆင်းသော တိရစ္ဆာန်သည်လည်းကောင်းထိုတွင်း၌ကျ၍သေအံ့၊ထုလ္လစ္စည်းအာပတ်သို့ရောက်၏။တိရစ္ဆာန်သည်ထိုတွင်း၌ ကျ၍ သေအံ့၊ ပါစိတ်အာပတ်သို့ ရောက်၏။ (ဝိ၊၅။ မြန်။ ၁၀၅) (၆-မှတ်)

(ဂ) **သင့်ရောက်သောအာပတ်နှင့် သင့်ရောက်ပုံ-**

သွားအံ့၊ အားထုတ်ခြင်း 'ပယောဂ' ၌ ဒုက္ကဋ်အာပတ်သို့ ရောက်၏။

သွားပြီးသည်ရှိသော် ပါစိတ်အာပတ်သို့ ရောက်၏။ (ဝိ၊၅။ မြန်။ ၁၀၆) (၂-မှတ်)

---

၃။ မရှိသေခြင်းခြောက်ပါးတို့ဟူသည် အဘယ်တို့နည်း? အစဉ်တကျဖြေဆို၍၊ ဝိပတ္တိလေးပါးတိုကို လည်း အစဉ်တကျ ဖြေဆိုခဲ့ပါ။

၃-ဖြေ **မရှိသေခြင်းခြောက်ပါး-**

၁။ မြတ်စွာဘုရား၌ မရှိသေခြင်း၊

၂။ တရားတော်၌ မရှိသေခြင်း၊

၃။ သံဃာတော်၌ မရှိသေခြင်း၊

၄။ သိက္ခာ (သုံးပါး) ၌ မရှိသေခြင်း၊

၅။ မမေ့လျော့ခြင်း 'အပ္ပမာဒလက္ခဏာ' ၌ မရှိသေခြင်း၊

၆။အစေ့အစပ်ပြုခြင်း'အာမိသပဋိသန္ထာရဓမ္မပဋိသန္ထာရ'၌မရှိသေခြင်း။(ဝိ၊၅။မြန်။၂၅၆)(၆-မှတ်)

**ဝိပတ္တိလေးပါး-**

၁။ သီလဝိပတ္တိ 'သီလပျက်စီးခြင်း'၊

၂။ အာစာရဝိပတ္တိ 'အကျင့်ပျက်စီးခြင်း'၊

၃။ ဒိဋ္ဌိဝိပတ္တိ 'အယူ ပျက်စီးခြင်း'၊

၄။ အာဇီဝဝိပတ္တိ 'အသက်မွေးမှု ပျက်စီးခြင်း'။ (ဝိ၊၅။ မြန်။၂၅၇) (၄-မှတ်)

---

၄။ သီလဝိပတ္တိဟူသော အကြောင်းကြောင့် အဘယ်မျှလောက်သော အာပတ်တို့သို့ ရောက်သနည်း? ဖြေဆို၍၊ စာရေးတံယူခြင်း သုံးပါးတို့ကို ဖြေဆိုကာ၊ ဖုံးလွှမ်းထားမှသာ သင့်သောတရားသုံးပါးတို့ကိုလည်း ဖြေဆိုခဲ့ပါ။

၄-ဖြေ သီလဝိပတ္တိဟူသော အကြောင်းကြောင့် ရဟန်းမိန်းမသည် သိလျက် ပါရာဇိကအာပတ်ကို ဖုံးလွှမ်းအံ့၊ ပါရာဇိကအာပတ်သို့ ရောက်၏၊ ယုံမှားရှိသည်ဖြစ်၍ ဖုံးလွှမ်းအံ့၊ ထုလ္လစ္စဉ်းအာပတ်သို့ ရောက်၏။ ရဟန်းယောကျ်ားသည် သံဃာဒိသိသ်အာပတ်ကို ဖုံးလွှမ်းအံ့၊ ပါစိတ်အာပတ်သို့ ရောက်၏။ မိမိ၏ ရှန့်ရင်းသော အာပတ်ကို ဖုံးလွှမ်းအံ့၊ ဒုက္ကဋ်အာပတ်သို့ ရောက်၏။ (ဝိ၊၅။ မြန်။ ၂၇၂) (၄-မှတ်)

**စာရေးတံယူခြင်းသုံးပါး-**

၁။ လျှို့ဝှက်၍ ယူခြင်း၊

၂။ ပွင့်ပွင့်လင်းလင်းယူခြင်း၊

၃။ နားရင်းကပ်ကာ တိုးတိုးပြော၍ ယူခြင်း။ ပေါင်း သုံးပါး။ (ဝိ၊၅။ မြန်၊ ၃၂၀) (၃-မှတ်)

**ဖုံးလွှမ်းထားမှ တင့်တယ်သော တရားသုံးပါး-**

၁။ မိန်းမ

၂။ ပုဏ္ဏားတို့၏ ဗေဒင်။

၃။ မှားသောအယူ။ (ဝိ၊၅။ မြန်။ ၃၂၁) (၃-မှတ်)

၅။ ပဥ္စကဝါရလာ တံမြက်လှည်းခြင်း၏ အကျိုးငါးပါးတို့ကို ပဌမနည်းအလိုကျ ဖြေဆို၍၊ ဝိနည်းမိုရ်ပုဂ္ဂိုလ်၌ ရအပ်သော အကျိုးအာနိသင် တရားတို့ကိုလည်း အစဉ်တကျ ဖြေဆိုခဲ့ပါ။

၅-ဖြေ **တံမြက်လှည်းခြင်း၏ အကျိုး ငါးပါး-**

၁။ မိမိစိတ်သည် ကြည်လင်၏၊

၂။ သူတစ်ပါးစိတ်သည် ကြည်လင်၏၊

၃။ နတ်တို့သည် နှစ်သက်သော စိတ်ရှိကုန်၏၊

၄။ ကြည်ညိုဖွယ် (အဆင်းလှခြင်း) ကို ဖြစ်စေတတ်သော (ကောင်းမှုကုသိုလ်) ကံကို ဆည်းပူး၏။

၅။ (ခန္ဓာ) ကိုယ်ပျက်စီး၍သေသည်မှ နောက်၌ ကောင်းသော လားရာဂတိဖြစ်သော နတ်ပြည်သို့ ရောက်၏။ (ဝိ၊၅။ မြန်။ ၃၃၇) (၅-မှတ်)

**ဝိနည်းမိုရ်ပုဂ္ဂိုလ်၌ ရအပ်သော အကျိုး ငါးပါး-**

၁။မိမိ၏သီလဂုဏ်သည်ကောင်းစွာလုံခြုံစေအပ်သည်ကောင်းစွာစောင့်ရှောက်အပ်သည်ဖြစ်၏၊

၂။ ကုက္ကုစ္စနှိပ်စက်သော ရဟန်း တို့၏ကိုးကွယ်ရာ ဖြစ်၏၊

၃။ ရဲရင့်သည် ဖြစ်၍ သံဃာ့အလယ်၌ ပြောဆို ဆုံးဖြတ်နိုင်၏၊

၄။ ရန်သူတို့ကို အကြောင်းနှင့်တကွ ကောင်းစွာ နှိမ်နင်းနိုင်၏၊

၅။ သူတော်ကောင်းတရား၏ တည်တံ့ခြင်းငှါ ကျင့်၏။ (ဝိ၊၅။ မြန်။ ၃၄၂) (၅-မှတ်)

---

၆။ ပဝါရဏာကံ၏ အစ, အလယ်, အဆုံးတို့ကား အဘယ်ပါနည်း? ဖြေဆို၍၊ အာဠဝီပြည်၌ ပညတ်အပ်ကုန်သော သိက္ခာပုဒ်တို့ကိုလည်း အစဉ်တကျ ရေတွက်ပြပါ။

၆-ဖြေ **ပဝါရဏာကံ၏ အစ, အလယ်, အဆုံး-**

ပဝါရဏာကံ၏ညီညွတ်ခြင်းသည်အစတည်း၊ပဝါရဏာရွတ်ခြင်း 'ကိရိယာ' သည်အလယ်တည်း၊ ပဝါရဏာပြီးဆုံးခြင်းသည် အဆုံးတည်း။ (ဝိ၊၅။မြန်။ ၃၆၁) (၃-မှတ်)

**အာဠဝီပြည်၌ ပညတ်အပ်သော သိက္ခာပုဒ်များ-**

ကုဋိကာရသိက္ခာပုဒ်၊ ကောသိယမိဿကသန္ထတသိက္ခာပုဒ်၊ အနုပသမ္ပန္နသဟသေယျသိက္ခာပုဒ်၊ ပထဝီခဏနသိက္ခာပုဒ်၊ဘူတဂါမသိက္ခာပုဒ်၊သပါဏောဒကသိဉ္စနသိက္ခာပုဒ်၊(ဝိ၊၅။မြန်။၃၆၆)(၇-မှတ်)

---

၇။ အာပတ်သာမည်၍ အဓိကရုဏ်းမမည်သော တရားကို ဖြေဆို၍၊ တိုင်ပင်ဆွေးနွေးခြင်းသည် အဘယ် အကြောင်းကြောင့် ဖြစ်သနည်း? ဖြေဆိုကာ၊ အဘယ်သို့သော သဘောရှိသော ပုဂ္ဂိုလ်ကို ပဏ္ဍိတ-စောဒကဟု ဆိုအပ်ပါသနည်း? ဖြေဆိုခဲ့ပါ။

၇-ဖြေ **အာပတ်သာမည်၍ အဓိကရုဏ်းမမည်သောတရား**

သောတာပတ္တိသမာပတ်။ (ဝိ၊၅။ မြန်။၃၉၃) (၃-မှတ်)

**တိုင်ပင် ဆွေးနွေးခြင်းသည် -**

အသီး အသီး အဆုံးအဖြတ်ကို နှလုံး၌ ထားခြင်းငှါ ဖြစ်၏။ (ဝိ၊၅။ မြန်။၃၉၅) (၃-မှတ်)

**ပဏ္ဍိတစောဒက -**

ရှေ့နောက်စကားကို သိ၏၊ ရှေ့နောက်စကား၌ လိမ္မာ၏၊ စေ့စပ်သော စကား အကြောင်းကို သိ၏၊ စေ့စပ်သော စကားအကြောင်း၌ လိမ္မာ၏၊ (ဝိ၊၅။မြန်။ ၃၉၆) (၄-မှတ်)

၈။ စောဒကပုဂ္ဂိုလ်ကမြင်ခြင်းဖြင့်စောဒနာ၏–ဟုပြောကအနုဝိဇ္ဇက(ဝိနည်းခိုရ်)ပုဂ္ဂိုလ်၏မေးရမည့် တာဝန်တို့ကို ဖြေဆို၍၊ အနုပါဒါပရိနိဗ္ဗာန်အကျိုးရှိသည့် တရားများကိုလည်း ဖြေဆိုခဲ့ပါ။

၈–ဖြေ **မေးရမည့် တာဝန်–**

သင်သည်အဘယ်ကိုမြင်သနည်း၊သင်သည်အဘယ်သို့လျှင်မြင်သနည်း၊သင်သည်အဘယ်အခါ၌မြင်သနည်း၊ သင်သည် အဘယ်အရပ်၌ မြင်သနည်း၊ ပါရာဇိကသို့ ရောက်သည်ကို မြင်သလော၊ သံဃာဒိသိသ်သို့ ရောက်သည်ကို မြင်သလော၊ ထုလ္လစ္စည်းအာပတ်သို့။ ပါစိတ်အာပတ်သို့။ ပါဋိဒေသနီအာပတ်သို့ ။ ဒုက္ကဋ်အာပတ်သို့။ ဒုဗ္ဘာသီအာပတ်သို့ ရောက်သည်ကို မြင်သလော၊ သင်သည်ကား အဘယ်အရပ်၌ ဖြစ်သနည်း၊ ဤရဟန်းသည်ကား အဘယ်အရပ်၌ဖြစ်သနည်း၊ သင်သည်ကား အဘယ်ကို ပြုသနည်း၊ ဤရဟန်းသည်ကား အဘယ်ကို ပြုသနည်း''ဟု မေးအပ်၏။ (ဝိ၊ ၅။ မြန်။ ၃၉၇။) (၅–မှတ်)

**အနုပါဒါပရိနိဗ္ဗာန်အကျိုးရှိသည့်တရားများ–**

၁။ ပစ္စဝေက္ခဏာဉာဏ် ၂။ ဝိနယကထာ။ ၃။ ဝိနည်းကို တိုင်ပင်ခြင်း။
၄။ အဆင့်ဆင့်သော အကြောင်း၏အဖြစ်။ ၅။ ဝိနည်းကို နားထောင်ခြင်း။
၆။ ဥပါဒါန်လေးပါးတို့ဖြင့်မစွဲလမ်းမူ၍စိတ်၏လွတ်ခြင်း(အရဟတ္တဖိုလ်)။(ဝိ၊၅။မြန်။၄၀၄)(၅–မှတ်)

---

၉။ သူတစ်ပါးကို စောဒနာလိုသော စောဒကရဟန်းသည် (က) မိမိသန္တာန်၌ ဖြစ်စေရမည့် တရားငါးပါး (ခ) မိမိသန္တာန်၌ နှလုံးသွင်းရမည့် တရားငါးပါးတို့ကို အစဉ်တကျ ဖြေဆိုခဲ့ပါ။

၉–ဖြေ **(က) ဖြစ်စေရမည့် တရားငါးပါး–**

၁။ လျောက်ပတ်သော အခါ၌ ဆိုအံ့၊ မလျောက်ပတ်သော အခါ၌ မဆိုအံ့။
၂။ ဟုတ်မှန်သဖြင့် ဆိုအံ့၊ မဟုတ်မမှန်သဖြင့် မဆိုအံ့။
၃။ နူးညံ့သိမ်မွေ့သဖြင့် ဆိုအံ့၊ ကြမ်းတမ်းသဖြင့် မဆိုအံ့။
၄။ အကျိုးစီးပွါးနှင့် စပ်သဖြင့် ဆိုအံ့၊ အကျိုးစီးပွါးနှင့် မစပ်သဖြင့် မဆိုအံ့။
၅။ မေတ္တာစိတ်ရှိသည်ဖြစ်၍ ဆိုအံ့၊ ဒေါသစိတ်ရှိသည်ဖြစ်၍ မဆိုအံ့။ (ဝိ၊၅။ မြန်။ ၄၅၃) (၅–မှတ်)

**(ခ) နှလုံးသွင်းရမည့် တရား ငါးပါး–**

၁။ သနားခြင်း၊ ၂။ အစီးအပွါးကို ရှာခြင်း၊ ၃။ အစီးအပွါးနှင့် ယှဉ်ခြင်း၊ ၄။ အာပတ်မှ ထစေလိုခြင်း၊ ၅။ ဝိနည်းကိုရှေးရှုခြင်း။ (ဝိ၊၅။ မြန်။ ၄၅၄) (၅–မှတ်)

---

၁၀။ အဘယ်အခြင်းအရာတို့ဖြင့် သံဃာကွဲပြားပါသနည်း? ဖြေဆို၍၊ သီတင်းကြီးရဟန်း၏ ခြေတို့ကို ရှိခိုးသော သီတင်းငယ်ရဟန်းသည် အဘယ်မျှသော တရားတို့ကို မိမိသန္တာန်၌ ဖြစ်စေ၍ ခြေတို့ကို ရှိခိုးအပ်ကုန်သနည်း? ဖြေဆိုခဲ့ပါ။

၁၀–ဖြေ ၁။ ကံဖြင့်ကွဲ၏၊
၂။(ပါတိမောက်) ပြခြင်းဖြင့် ကွဲ၏၊
၃။(ဘေဒကရဝတ္ထုကို) ပြောကြားသည်ဖြစ်၍ ကွဲ၏၊
၄။ ထပ်ကာထပ်ကာ ကြားသဖြင့် ကွဲ၏၊
၅။စာရေးတံမဲ ယူစေသဖြင့် ကွဲ၏။ (ဝိ၊၅။ မြန်။ ၄၇၃) (၅–မှတ်)

**ဖြစ်စေရမည့် တရားငါးပါး–**

(၁) လက်ဝဲတစ်ဖက် ပခုံးထက်၌ ကိုယ်ဝတ်ကိုစံပယ်တင်၍
(၂) လက်အုပ်ကို ချီလျက်
(၃) လက်ဝါးပြင် နှစ်ဖက်တိုဖြင့် ခြေတိုကို ဆုပ်နယ်ကာ
(၄) ချစ်ခြင်းကိုလည်းကောင်း
(၅) ရိုသေခြင်းကိုလည်းကောင်း ဖြစ်စေ၍ ခြေတိုကို ရှိခိုးအပ်ကုန်၏ (ဝိ၊ ၅။ မြန်။ ၄၈၂) (၅–မှတ်)

---